
# ချုပ်နှောင်ခံရသည့် တရားမျှတမှု

## ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်းရှိ
## စစ်အစိုးရတပ်ဖွဲ့ဝင်များ ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

ဇွန်-အောက်တိုဘာ ၂၀၂၁ ခုနှစ်





## မာတိကာ


အကျဉ်းချုပ် ၁

အရပ်သားနေရာများအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ တိုးချဲ့ခြင်း ၄

အရပ်သားများအပေါ် လက်လွတ်စပယ်ရမ်းသမ်းပစ်ခတ်မှုများ တိုးမြင့်လာခြင်း ၆

စစ်တပ်မုဒိမ်းကျင့်မှုကို အားပေးသည့် ပြစ်ဒဏ်မှ ကင်းလွတ်မှုအခြေအနေ ၁၀

ကချင်ပြည်နယ် မိုးမောက်ရှိ သက်ကြီးရွယ်အို အမျိုးသမီးလယ်သူမအား မုဒိမ်းကျင့် သတ်ဖြတ်မှု ၁၀

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ သက်ကြီးရွယ်အို အမျိုးသမီးလယ်သူမကို မုဒိမ်းကျင့်မှု ၁၁

အသစ်ထပ်တိုးလာသော နေရာရွှေ့ပြောင်းမှုများ ၁၃

နိဂုံးချုပ်နှင့် အကြံပြုချက်များ ၁၈

နောက်ဆက်တွဲများ ၂၀

၁။ စစ်အစိုးရတပ်များ၏ အရပ်သားများနေထိုင်ရာ နေရာများအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ၏ အသေးစိတ်စာရင်း၊ ဇွန်-အောက်တိုဘာလ ၂၀၂၁ ခုနှစ်။ ၂၀

၂။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အရပ်သားများအပေါ် ဥပဒေမဲ့ ပစ်ခတ်မှုဖြစ်စဉ်များ၏ အသေးစိတ်စာရင်း၊ ဇွန်-အောက်တိုဘာလ ၂၀၂၁ ခုနှစ်။ ၂၃

၃။ စစ်အစိုးရတပ်များ၏ မတရားဖမ်းဆီးမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူသားဒိုင်း/မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုမှုများ၏ အသေးစိတ်စာရင်း၊ ဇွန်- အောက်တိုဘာလ ၂၀၂၁ ခုနှစ်။ ၂၅

၄။ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၄ ရက်နေ့အတွင်း ဖြစ်ပွားသော မုဒိမ်းပြုကျင့်သတ်ဖြတ်မှု အသေးစိတ်အချိန်ဇယား ၂၆

# အကျဉ်းချုပ်

| ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ စစ်အစိုးရတပ်များ၏ တိုက်ခိုက်မှုများကြောင့် ဖမ်းဆီးခံရမှုနှင့် အရပ်သားသေဆုံးမှု စုစုပေါင်း | |
|---|---|
| ဖမ်းဆီးမှုများ | ၅၄၆ ဦး |
| ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများ | သေဆုံးသူ ၁၆ ဦး၊ ဒဏ်ရာရရှိသူ ၄၉ ဦး |
| ပစ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုများ | သေဆုံးသူ ၂၃ ဦး၊ ဒဏ်ရာရရှိသူ ၅၉ ဦး |

၂၀၂၁ ခုနှစ် ဖွန်လမှ စတင်ကာ မြန်မာစစ်အစိုးရသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တော်လှန်ရေးအင်အားစုများကို ဖြိုခွင်းရန် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ဆက်လက် တပ်ဖြန့်ထားပြီး ဒေသခံပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားကာ စုပေါင်းအပြစ်ပေးနိုင်ရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပစ်ခတ်ခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို လုပ်ဆောင်လျှက်ရှိသည်။ ပြင်းထန်လာသော ထိုးစစ်များနှင့် စစ်တပ်၏မုဒိမ်းမှုများအတွက် ပြစ်ဒဏ်မှ ကင်းလွတ်နေသည့် အခြေအနေများ ဆက်လက်တည်ရှိနေခြင်းသည် ဒေသခံအမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရနိုင်ချေကို ပိုမိုတိုးမြင့်စေသည်။

အရပ်သားနေရာများသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုများသည် ရွှေကူနှင့် ဝိုင်းမော်မြို့အနီးတဝိုက်အပါအဝင် မြို့နယ် ၆ မြို့နယ်တွင် ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၆ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၃ ဦးမှာ အမျိုးသမီးဖြစ်ပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးကန်အနီး ညအချိန်တွင် စစ်တပ်မှ လက်လွတ်စပယ်ရမ်းသန်းပစ်ခတ်မှုကြောင့် အရပ်သား ၆ ဦး သေဆုံးခဲ့ပြီး ၈ ဦး ဒဏ်ရာရှိခဲ့သည်။ သေဆုံးသူများထဲတွင် အိမ်နံရံမှတဆင့် ကျည်ဆံထိုးဖောက်ပစ်ခတ်ခံရမှုကြောင့် အိမ်အတွင်းရှိနေသူ အမျိုးသမီး ၃ ဦးပါ သေဆုံးခဲ့သည်။

လွန်ခဲ့သည့် ၅ လအတွင်းတွင် စစ်တပ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မတရားဖမ်းဆီးမှုကြောင့် ဘာသာရေးခေါင်းဆောင်များ၊ ကျောင်းဆရာ/ဆရာမများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအပါအဝင် စုစုပေါင်း ၇၇ ဦး ဖမ်းဆီးခံခဲ့ရပြီး အများစုမှာ KIA သို့မဟုတ် PDF များကို ပံ့ပိုးကူညီမှုဖြင့် စွပ်စွဲဖမ်းဆီးခံရသူများဖြစ်သည်။ အချို့မှာ ညှဉ်းပန်းနှိပ်စက်ခံကြရပြီး ထိုထဲတွင် ဝိုင်းမော်မြို့မှ အမျိုးသား (၃)ဦး ၎င်းတို့ကို လက်ထပ်ခတ်ထားပြီး ဦးခေါင်းများကို ပလက်စတစ်အိတ်များဖြင့် ဖုံးကာ သေနတ်ဖြင့် ရိုက်နက်ခြင်း၊ ကန်ကျောက်ခြင်း၊ နေပူထဲတွင် ကျောက်စရစ်ခဲများပေါ် ဒူးထောက်ခိုင်းစေခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ အချို့မှာ လူသားဒိုင်းနှင့် မိုင်းရှင်းလင်းရေးသမားများအဖြစ် အသုံးပြုခံခဲ့ကြရပြီး ထိုထဲတွင် ဖားကန့်မှ လယ်သမားနှစ်ဦးမှာ ညဘက်တွင် စစ်သားများ၏ အရှေ့တွင် အတင်းအဓမ္မ လမ်းလျှောက်ရစဉ်အတွင်း မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။

မြန်မာစစ်တပ်တပ်ဖွဲ့ဝင်များသည်ပြစ်ဒဏ်မှကင်းလွတ်မည်ဟုယုံကြည်ပုံရပြီးမင်းမဲ့စရိုက်ဆန်ဆန်မုဒိမ်းမှုများကို ပြောင်ပြောင်တင်းတင်း ဆက်လက်ကျူးလွန်လျှက်ရှိသည်။ ဇူလိုင်လအတွင်းတွင်လည်း မိုးမောက်ဒေသရှိ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတဦးကို တပ်မ ၈၈ စစ်သား ၃ ဦးက ၎င်းတို့၏ တပ်စခန်းအနီးတွင် နေခင်းကြောင်တောင် မုဒိမ်းပြုကျင့် သတ်ဖြတ်ခဲ့ကြသည်။ နိုဝင်ဘာလတွင်လည်း ကွတ်ခိုင်မြို့တွင် ခလရ ၃၃၆ မှ စစ်သားတစ်ဦးသည် ၎င်း၏ တပ်စခန်းမှ မီတာ ၁၀၀ သာဝေးသော နေရာတွင် အသက် ၆၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အနီးအနားရှိ အိမ်များကြားတွင် အဓမ္မပြုကျင့်ခဲ့သည်။

မုဒိမ်းမှု ကျူးလွန်သူများကို ဖမ်းဆီးလိုက်သည်ဟု ကြားသိရသော်လည်း တရားမျှတမှုရှိစွာ အပြစ်ပေးအရေးယူမှုရှိသည်မှာ ဖြစ်နိုင်ချေမရှိပေ။ မိုးမောက်တွင် ဖြစ်ပွားခဲ့သော မုဒိမ်းကျင့်သတ်ဖြတ်ခံရမှုနှင့်

ပတ်သက်၍ စစ်အစိုးရမီဒီယာမှ သတင်းထုတ်ပြန်ခဲ့သော်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည်ဟု ဖော်ပြထားခြင်း မရှိသည့်အပြင် အသတ်ခံရသူသည် စစ်သားများနှင့် "စကားများငြင်းခုန်"ခြင်းကြောင့်ဖြစ်ကြောင်း ပြစ်တင်ပြောဆိုထားသည်။ ယခုနောက်ဆုံး ဖြစ်ပွားခဲ့သော မုဒိမ်းကျင့်သတ်ဖြတ်မှုကို ကိုင်တွယ်ဖြေရှင်းမှုသည် စစ်တပ်မှ ကျူးလွန်သူများကို ယနေ့အထိ အကာအကွယ်ပေးခဲ့သည့် လွန်ခဲ့သော ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော ကချင်ဆရာမနှစ်ဦး၏ ဖြစ်ရပ်ကို အမှတ်ရစေပါသည်။ တဖန် ဤသို့ ပြစ်ဒဏ်ကင်းလွတ်နေသည့် အခြေအနေများသည် စစ်တပ် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ရာဇဝတ်မှုများအတွက် အမြင့်ဆုံးအဆင့်ထိ ကာကွယ်ပေးခံရမည်ဟု ပြသနေပြီး နောက်ထပ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်ရန် မီးစိမ်းပြနေခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း စစ်အုပ်စုမှ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဇွန်- အောက်တိုဘာ ၂၀၂၁



ရွာ

တိုက်ပွဲဖြစ်ပွားသည့် နေရာများ

လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာများ

ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းနှင့် စစ်တပ် တပ်ဖွဲ့ဝင်များ၏ အရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေခြင်းကြောင့် ဇွန်လနှင့် အောက်တိုဘာလအတွင်း အထူးသဖြင့် ဝိုင်းမော်နှင့် မူဆယ်တို့တွင် လူပေါင်း ၇၇၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ ဤအခြေအနေသည် ယခင်ကတည်းက စစ်ရှောင် ၁ သိန်းကျော်ရှိပြီးသားဖြစ်သော ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်းတွင် အာဏာသိမ်းပြီးနောက်ပိုင်း နောက်ထပ် စစ်ဘေးရှောင်အသစ် စုစုပေါင်း ၁၄၀၀၀ ကျော် ထပ်မံတိုးသွားစေခဲ့သည်။ စစ်အစိုးရသည် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေသော မူဆယ်ခရိုင် မုံးကိုးဒေသရှိ စစ်ဘေးရှောင်အသစ်များအတွက် စားနပ်ရိက္ခာအကူအညီပေးပို့မှုကို ပိတ်ဆို့ထားသည်။ လွန်ခဲ့သော ၂၀၁၇ ခုနှစ်ကတည်းက ရှိခဲ့သည့် တရုတ်-မြန်မာနယ်စပ် ခြံစည်းရိုးကို မကြာသေးမီကမှ ဒုတိယခြံစည်းရိုးထပ်မံပြုလုပ်ကာ CCTV စောင့်ကြည့်မှုများ ထားရှိခဲ့ခြင်းကြောင့် တရုတ်နိုင်ငံရှိ အဆိုပါ စစ်ဘေးရှောင်များအတွက် အမိုးအကာများရရှိရေးမှာလည်း ဖြစ်နိုင်ချေ မရှိတော့ပေ။

လွန်ခဲ့သည့် ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းရှိ လူမှုပတ်ဝန်းကျင်များ၏ လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးဝါးလာသည့်အပြင် စစ်အစိုးရအပေါ် ထိရောက်သော နိုင်ငံတကာဖိအားပေးမှုများမှာလည်း ယခင်ကထက် ပိုမိုအရေးတကြီး လိုအပ်လာသည်။ ဤဖိအားပေးမှုများသည် ပြည်တွင်းစစ်မီးကိုသာ ဆက်လက်တည်တံ့စေမည့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေသို့ ပြန်သွားရန် ညှိနှိုင်းပေးခြင်းမျိုးမဟုတ်ပဲ စစ်တပ်ကို အာဏာချုပ်ကိုင်ထားမှုမှ အမြစ်ပြတ်ဖယ်ရှားရေးအတွက် လုပ်ဆောင်သည့် ဖိအားပေးမှု ဖြစ်ရမည်။

မူဆယ်ခရိုင်အတွင်း စစ်အုပ်စုမှ လူ့အခွင့်အရေးချိုးဖောက်မှုများ ဇွန် - အောက်တိုဘာ ၂၀၂၂




- ရွာ
- တိုက်ပွဲဖြစ်ပွားသည့် နေရာ
- လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ

မြန်မာစစ်တပ်၏ အာဏာယန္တရားကို အလုံးစုံ မဖျက်သိမ်းသရွေ့၊ အကြွင်းမဲ့ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်ရှိသော- နေပြည်တော်မှ ဗိုလ်ချုပ်များ၏ အကျိုးစီးပွားအတွက်သာ တည်ရှိနေခြင်းမဟုတ်ပဲ- ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တစ်ခုအောက်တွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရတရပ် မရှိသရွေ့ တိုင်းရင်းသားဒေသများအတွင်းရှိ ဆက်လက်ဖြစ်ပွားနေသော နိုပ်စက်ညှဥ်းပန်းမှုများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် သံသရာ လည်နေခြင်းသည် မည်သည့်အခါမျှ ပြီးဆုံးလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အစိုးရနှင့်ပတ်သက်သော သံတမန်ရေးရာများ၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုအားလုံးကို ဖြတ်တောက်ရန် ကျွန်ုပ်တို့မှ ထပ်လောင်း တောင်းဆိုတိုက်တွန်းပါသည်။ ထိုတောင်းဆိုမှုထဲတွင် စစ်တပ်၏ လက်နက်ဝယ်ယူမှုအတွက် ကြီးမားသော ဘဏ္ဍာငွေများ ပေးဆောင်နေသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုများလည်း အပါအဝင်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမြောက်ပိုင်းရှိ စစ်ဘေးရှောင်များအတွက် နယ်စပ်ဖြတ်ကျော် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ဒေသန္တရ တိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ရွာအဖွဲ့အစည်းများမှတဆင့် တိုးမြှင့်ထောက်ပံ့ပေးရန်လည်း ကျွန်ုပ်တို့မှ အရေးတကြီး တောင်းဆိုပါသည်။

## အရပ်သားနေရာများအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ တိုးချဲ့ခြင်း

စစ်တပ်တပ်ဖွဲ့ဝင်များ၏အရပ်သားနေရာများသို့ပစ်ခတ်တိုက်ခိုက်မှုများသည်ပြီးခဲ့သည့်၅လတာကာလအတွင်း ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာသည်။ ဖေဖော်ဝါရီလမှ မေလအထိ အရပ်သားနေရာများသို့ ဗုံးကျဲတိုက်ခိုက်မှုများမှာ မြို့နယ် ၃ မြို့နယ်တွင်သာ ဖြစ်ပွားခဲ့သော်လည်း ဇွန်လမှ စတင်ကာ ဝိုင်းမော်နှင့် ရွှေကူမြို့အနီး နေရာများအပါအဝင် မြို့နယ် ၆ မြို့နယ်အထိ တိုးချဲ့လာခဲ့သည်။ ဝိုင်းမော်တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုသည် ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားမြို့မှ ရောဂတီမြစ်ကို ဖြတ်ကျော်ကာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အောက်ဖော်ပြပါဇယားသည်စစ်အာဏာသိမ်းကာလမှစတင်ကာ KWAT မှမှတ်တမ်းတင်ထားသောစစ်အစိုးရတပ်များ၏ အရပ်သားနေရာများအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များ၏ အနှစ်ချုပ်ဖြစ်ပါသည်။

| **အချိန်ကာလ** | **ပစ်ခတ်တိုက်ခိုက်မှု အရေအတွက်** | **မြို့နယ် နှင့် (အခင်းဖြစ်ပွားမှု အရေအတွက်)** | **အရပ်သားထိခိုက်မှု အရေအတွက်** |
|---|---|---|---|
| ဖေဖော်ဝါရီ- မတ်လ ၂၀၂၁ | ၅ | ဖားကန့် (၃)၊ ကွတ်ခိုင် (၂) | ၁ ဦးသေဆုံး၊ ၇ ဦးဒဏ်ရာရ |
| ဧပြီ-မေ ၂၀၂၁ | ၁၀ | ဖားကန့် (၁)၊ ကွတ်ခိုင် (၁)၊ မိုးမောက် (၈) | ၉ ဦးသေ၊ ၂၀ ဦး ဒဏ်ရာရ |
| ဇွန်-အောက်တို ဘာ ၂၀၂၁ | ၁၄ | ဖားကန့် (၃)၊ မိုးမောက် (၂)၊ ရွှေကူ (၄)၊ မိုးကောင်း (၁)၊ ဝိုင်းမော် (၂)၊ မူဆယ် (၂) | ၆ ဦးသေ၊ ၂၂ ဦး ဒဏ်ရာရ |
| **စုစုပေါင်း** | **၂၉** | | **၁၆ ဦးသေ၊ ၄၉ ဦး ဒဏ်ရာရ** |

လွန်ခဲ့သည့် ၅ လအတွင်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အရပ်သား ၆ ဦးထဲတွင် ၃ ဦးမှာ အမျိုးသမီးသမီးများဖြစ်ပြီး တစ်ဦးမှာ ၁၀ နှစ်အရွယ် ယောက်ျားလေးငယ်ဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူ ၂၂ ဦးထဲတွင် အမျိုးသမီး ၇ ဦးနှင့် မိန်းကလေးငယ် ၃ ဦး ပါဝင်သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုဖြစ်စဉ် တစ်ခုချင်းစီတွင် စစ်အစိုးရတပ်များသည် KIA သို့မဟုတ် MNDAA (ကိုးကန့် တပ်မတော်) ၏ တိုက်ခိုက်ခြင်းခံရပြီးသည့်နောက်တွင် ပစ်ခတ်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ စစ်အစိုးရ၏ အခြေစိုက်စခန်းများနှင့် ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းများကို ခုခံတိုက်ခိုက်ခြင်းသည် သိသာထင်ရှားသည့် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး စစ်တပ်၏ အရပ်သားနေရာများကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် ထိုးစစ်ဆင်တိုက်ခိုက်မှုများ နောက်ထပ် မဖြစ်အောင် ဟန့်တားရန်အတွက် စုပေါင်းအပြစ်ပေးသည့်အနေဖြင့် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်မှာ ထင်ရှားသည်။

ဥပမာအားဖြင့် ဇူလိုင် ၂၉ ရက်နေ့တွင် ဝိုင်းမော်မြို့စွန်ရှိ မြန်မာစစ်တပ်၏ ခလရ ၅၈ အခြေစိုက်စခန်းကို KIA မှ တိုက်ခိုက်ပြီးနောက် ချက်ချင်းပင် စစ်တပ် တပ်စခန်းသည် မြို့အရှေ့ဘက်ရှိ ကျေးရွာများသို့ အမြောက်ကျည်များဖြင့် တိုက်ရိုက်ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသာတစ်ဦး သေဆုံးကာ ၎င်း၏ အဖိုးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

ဖားကန့်ရှိ မြန်မာစစ်တပ်၏ တပ်မှူးတဦး၏ ပြောကြားချက်အရ စစ်တပ်သည် အရပ်သားများအပေါ် မရည်ရွယ်ပဲ လွဲမှားထိခိုက်စေခြင်းမဟုတ်ပဲ တမင်တကာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိသာရှင်းလင်းခဲ့သည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် ကာမိုင်းနှင့် ဖားကန့်လမ်းမကြီးတစ်လျှောက် KIA နှင့် တပ်မ 33 တပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ကျေးရွာအများအပြားမှ ဒေသခံများသည် အနီးနားရှိ ဆိုင်းဖရာရွာရှိ ဆွေမျိုးအိမ်များနှင့် ဘုရားကျောင်း တစ်ခုအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နှစ်ရက်အကြာတွင် တပ်မ ၃၃ နှင့် တပ်မ ၇၇ တပ်ဖွဲ့ဝင်များသည် သတိပေးခြင်းမရှိပဲ ဆိုင်းဖားကျေးရွာထဲသို့ တိုက်ရိုက်ပစ်ခတ်ခဲ့ရာ ကျေးရွာသူ/သား ၇ ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ပြီး ထိုထဲတွင် အမျိုးသမီး ၃ ဦးနှင့် မိန်းကလေးငယ် ၁ ဦး ပါဝင်သည်။ နောက်တစ်နေ့တွင် ဒေသခံ တပ်မ 77 တပ်မှူးတဦးမှ "ဘုရားကျောင်းထဲမှာ စစ်ဘေးရှောင်တွေ ဆက်ပုန်းနေမယ်ဆိုရင် ငါတို့ ဒီမှာ လာထပ်ပစ်မယ်" ဟုဆိုကာ စစ်ဘေးရှောင်များအား ဆိုင်းဖရာရွာမှ ထွက်ခွာရန် အမိန့်ပေးခဲ့သည်။

**ဝိုင်းမော်မြို့ တွင် မြန်မာစစ်တပ်မှ ပြည်သူများနေထိုင်ရာ ရွာသို့ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း ၂၉ ဇူလိုင်လ ၂၀၂၂**



မြန်မာ စစ်တပ်မှ မုံးကိုးမြို့အနီး အရပ်သားများ တည်ရှိရာနေရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သည့် မြေပုံ ၁၂ အောက်တိုဘာ ၂၀၂၀၁




## အရပ်သားများအပေါ် လက်လွတ်စပယ်ရမ်းသမ်းပစ်ခတ်မှုများ တိုးမြင့်လာခြင်း

အာဏာသိမ်းပြီးနောက် ပထမ လအနည်းငယ်အတါင်း စစ်တပ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဥပဒေမဲ့ ပစ်ခတ်မှုအများစုမှာ မြို့ပေါ်ရှိစစ်အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ဆန္ဒပြသူများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ဖွန်လမှ အောက်တိုဘာလအထိ သေနတ်ဖြင့် ပစ်ခံရသူများအားလုံးမှာ ၎င်းတို့၏ နေ့စဉ်ဘဝအတွက် ပုံမှန်သွားလာသူအရပ်သားများဖြစ်ပြီးအများအားဖြင့်လက်လွတ်စပယ်ရမ်းသမ်းပစ်ခတ်မှုအတွင်းကျည်ထိမှန်ကြသူများ ဖြစ်ကြသည်။

| အချိန်ကာလ | ပစ်ခတ်မှု အရေအတွက် | မြို့နယ် နှင့် (အခင်းဖြစ်ပွားမှု အရေအတွက်) | အရပ်သားထိခိုက်မှု အရေအတွက် |
|---|---|---|---|
| ဖေဖော်ဝါရီ- မတ်လ ၂၀၂၁ | ၁၅ | မြစ်ကြီးနား (၆)၊ ဖားကန့် (၃)၊ မူဆယ် (၄)၊ မိုးညှင်း (၂)၊ ဗန်းမော် (၁) | ၁၃ ဦးသေဆုံး၊ ၄၆ ဦးဒဏ်ရာရ |

| | | | |
|---|---|---|---|
| ဧပြီ-မေ ၂၀၂၁ | ၇ | မိုးကောင်း (၄)၊ ဖားကန့် (၁)၊ ဗန်းမော် (၂) | ၄ ဦးသေ၊ ၅ ဦး ဒဏ်ရာရ |
| ဇွန်-အောက်တို ဘာ ၂၀၂၁ | ၁၁ | မိုးညှင်း (၃)၊ ပိုင်းမော် (၃)၊ မိုးမောက် (၁)၊ ဗန်းမော် (၁)၊ မန်စီ (၁)၊ ရွှေကူ (၁)၊ ဖားကန့် (၁) | ၆ ဦးသေ၊ ၂၂ ဦး ဒဏ်ရာရ |
| **စုစုပေါင်း** | **၃၃** | | **၂၃ ဦးသေ၊ ၅၉ ဦး ဒဏ်ရာရ** |

လွန်ခဲ့သည့် ၃ လအတွင်း ပစ်သတ်ခံခဲ့ရသည့် အရပ်သား ၇ ဦးတွင် တစ်ဦးမှာ လမ်းဘေးတွင် သစ်သီးများ ရောင်းနေသည့် အမျိုးသမီးတစ်ဦး (ကလေး ၃ ယောက်မိခင်) ဖြစ်ပြီး နှစ်ဦးမှာ ၎င်းတို့၏ လယ်ကွင်းသို့ သွားနေသော လယ်သမားများဖြစ်သည်။

ထိခိုက်ဒဏ်ရာရသူ ၈ ဦးထဲတွင် အမျိုးသမီးတစ်ဦးမှာ ကလေးကျောင်းပို့နေစဉ် ထိခိုက်ဒါဏ်ရာ ရခဲ့သည်။ မိုးညှင်းမြို့နယ်၊ အင်တော်ကြီးကန်အနီးရှိ မိုင်နောင်းကျေးရွာတွင် ဩဂုတ်လ ၁၀ ရက်နေ့ ညပိုင်းတွင် ခမရ ၁၁ မှ တပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်းသို့ စစ်ကား ၃ စီးပြီး မောင်းနှင်လာခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ အိမ်များအတွင်းသို့ ရမ်းသမ်းပစ်ခတ်ခဲ့ချိန်တွင် အမျိုးသမီး ၃ ဦးမှာ ၎င်းတို့၏ အိပ်ယာထဲတွင် ကျည်ထိမှန်ခဲ့သည်။ ထိုအမျိုးသမီးများထဲမှ တစ်ဦးမှ သူမကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြန်လည်ပြောပြခဲ့သည်-

"ကျမမှာ ကလေး ၅ ယောက်ရှိပါတယ်။ အငယ်ဆုံးလေးက ၁၈ ရက်သားပဲရှိသေးတော့ အိပ်ခန်းထဲမှာ ကျမက ကလေးကို ထိန်းနေတာ။ အဲဒီညက ကျမကလေးတွေက တခြားတခန်းမှာအိပ်တယ်၊ ပြီးတော့ ကျမရယ်၊ ကျမယောက်ျားရယ်၊ ကျမရဲ့ ရက်သားကလေးက တခန်းအိပ်တယ်။ ကျမတို့ မိသားစုက ၉ နာရီခွဲဆိုရင် အားလုံး အိပ်ယာဝင်ကြပြီ။ အဲဒီအချိန်မှာ ကျမက ကလေးကို ကျောပိုးချောသိပ်နေတယ်။ နောက်တော့ ကျမတို့နားမှာ သေနတ်ပစ်သံကြားရတယ်။ ကျမကလေးတွေကို ဂရုစိုက်ဖို့ သူတို့ရှိတဲ့ အခန်းထဲသွားခဲ့တယ်။ အဲဒီမတိုင်ခင် တပတ်က ကျမယောက်ျားက ဆိုင်ကယ်မတော်တဆမှုနဲ့ သူ့ခြေထောက်မှာ ဒဏ်ရာရသွားတော့ သူ သိပ်လမ်းမလျှောက်နိုင်ဘူး။ ကျည်ဆံတစ်ထောင့်က ကျမတို့ အိမ်ခေါင်းမိုးကို ကျလာတော့ ကျမကလေး လန့်နိုးသွားပြီး စငိုတယ်။ နောက်တော့ အတွဲလိုက် ပစ်တဲ့ မောင်းပြန်ရိုင်ဖယ်သေနတ်က လာတဲ့အသံလိုမျိုး သေနတ်ပစ်သံတွေ ထပ်ကြားရတယ်။ ကျမကလေးကလည်းက အရမ်းငိုနေတယ်။ အဲဒါနဲ့ ကျောပိုးထားရာကနေ ချပြီး နို့တိုက်ဖို့ လုပ်လိုက်တယ်။ နောက်တော့ ကျမခန္ဓာကိုယ်မှာ တစ်ခုခု နွေးသွားသလို ခံစားလိုက်ရတယ်။ ကျမရဲ့ ညာဘက်တင်ကို ထိကြည့်လိုက်တော့ အဲမှာ သွေးထွက်နေတာ သိလိုက်တယ်။ နောက်တော့ ကျမ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး လှုပ်မရတော့ဘူး။ ဒါပေမဲ့ ကျမက ဆေးရုံသွားပြလို့လည်း မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ စစ်သားတွေက ကျမတို့ အနားတဝိုက်မှာ ပစ်ခတ်နေတုန်းပဲ။ အဲဒီညက ကျမ ယောက်ျားက ကျမဒဏ်ရာ သွေးတိတ်အောင်ဆိုပြီး ကချင်ရိုးရာဆေးကို ဒဏ်ရာပေါ်မှာ ထည့်လိုက်တယ်။ နောက်တနေ့ မနက်ရောက်တော့ ကျမတို့ရွာသူကြီး၊ ဘာသာရေးခေါင်းဆောင်နဲ့ ရွာက တချို့ လူငယ်တွေ ကျမဆီရောက်လာပြီးတော့ နောင်မွန်ဆေးရုံကို ကျမကို ပို့လိုက်တယ်။ ကျည်ဆံက ကျမ ညာဘက် တင်ပါးကို ထိသွားတယ်။ ဆေးရုံမှာ ၇ ရက်လောက် တက်ခဲ့ရတယ်။ ဆရာဝန်ခကတော့ အလကားဆိုပေမယ့်လည်း ဆေးရုံမှာ ဆေးတွေမရှိတော့ ကျမတို့က အပြင်က ဆေးတွေ ဝယ်ရတယ်။ ဆေးရုံက ဆင်းလာပြီးတော့ ကျမတို့ အိမ်မှာ မနေတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် ထပ်ဖြစ်မှာကြောက်လို့။ အခု ကျမတို့အိမ်နဲ့ဆို ၁ နာရီလောက် ဆိုင်ကယ်မောင်းရတဲ့ ကျမတို့ရဲ့ တောင်ယာမှာ နေနေတယ်။ အခုတော့ ကျမ ဘာမှ မလုပ်နိုင်တော့ဘူး။ ထိုင်ဖို့တောင် အရမ်းခက်ခဲတယ်။ ကျမ ကလေးကိုလည်း မချီနိုင်တော့ဘူး"

ဆက်လက်ဖြစ်ပွားနေသည့် မတရားဖမ်းဆီးမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လူသားဒိုင်း/ မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုမှုများ

| **စစ်အာဏာသိမ်းချိန်မှ စ၍ KWAT မှ မှတ်တမ်းပြုစုထားသော ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်းရှိ စစ်တပ်လုံခြုံရေးတပ်ဖွဲ့များ၏ မတရား ဖမ်းဆီးမှု အကျဉ်းချုပ်** | |
|---|---|
| အချိန်ကာလ | အဖမ်းခံရသူအရေအတွက် |
| ဖေဖော်ဝါရီ- မတ်လ ၂၀၂၁ | ၄၁၀ |
| ဧပြီ-မေ ၂၀၂၁ | ၆၁ |
| ဇွန်-အောက်တို ဘာ ၂၀၂၁ | ၇၇ |
| **စုစုပေါင်း** | **၅၄၆** |

လုံခြုံရေးတပ်ဖွဲ့များသည် ပြီးခဲ့သည့် ၅ လအတွင်းတွင် လူပေါင်း ၇၇ ဦးကို မတရားဖမ်းဆီးခဲ့သည်။ အများစုမှာ KIA သို့မဟုတ် PDF များကို ထောက်ပံ့ကူညီနေသည်ဟု စွပ်စွဲခံခဲ့ရသည်။ ထိုထဲတွင် ဘာသာရေးခေါင်းဆောင်များ၊ ကျောင်းဆရာ/ဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည်။

အချို့သော ဖမ်းဆီးမှုများသည် တော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုအတွက် လက်တုန့်ပြန်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ဥပမာအားဖြင့် ရွှေကူနှင့် ရွှေကူမြို့ ပတ်ဝန်းကျင်အတွင်း KIA နှင့် PDF များ၏ အကြိမ်ကြိမ်တိုက်ခိုက်မှုအပြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန်လ ၁၃ ရက်နေ့တွင် ရွှေကူမြို့သို့ တစ်အိမ်တက်ဆင်း ရှာဖွေခဲ့ရာ PDF များနှင့် ချိတ်ဆက်သည်ဟုဆိုကာ အမျိုးသမီး ၂ ဦးအပါအဝင် အနည်းဆုံး ၁၀ ဦး ဖမ်းဆီးခဲ့သည်။

အမှုအများအပြားမှာ ဖမ်းဆီးခံရခြင်းနှင့်အတူ ညှဉ်းပန်းနှိပ်စက်မှုများလည်း ပါဝင်သည်။ ဝိုင်းမော်မြို့၊ မဒိန်ကျေးရွာမှ အမျိုးသား ၂ ဦးနှင့် ၁၅ နှစ်အရွယ် ယောကျ်ားလေးငယ် ၁ ဦးသည် ဩဂုတ်လ ၂၈ ရက်တွင် KIA နှင့် ပတ်သက်သည်ဟု ဆိုကာ ခလရ ၅၈ တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ ၎င်းတို့သည် လက်ထိပ်ခတ်ခံရပြီး သေနတ်များဖြင့် ရိုက်နှက်ခြင်း၊ ကန်ကျောက်ခြင်း၊ ဦးခေါင်းများကို ပလက်စတစ်အိတ်များဖြင့် စွပ်ကာ နေပူထဲရှိ ကျောက်စရစ်ခဲပေါ်တွင် ဒူးထောက်ခိုင်းခြင်းတို့ကို ခံခဲ့ရသည်။

ညှဉ်းပန်းနှိပ်စက်မှုများနောက်တွင် သတ်ဖြတ်မှုများလည်း ရှိသည်။ ကွတ်ခိုင်မြို့မှ ကချင်ဘာသာရေးခေါင်းဆောင်တစ်ဦးသည် ဇွန်လ ၁၈ ရက်နေ့တွင် ဆိုင်ကယ်ဖြင့် အိမ်မှ ထွက်ခွာခဲ့ပြီးနောက် ၃ ရက်အကြာတွင် ၎င်း၏ အလောင်းကို ဦးခေါင်းကျည်ဆန်ဒဏ်ရာများ၊ ခြေထောက်တွင် ဓားဒဏ်ရာများ၊ မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးပေါ်ရှိ ဒဏ်များ၊ လက်ကောက်ဝတ်တွင် ကြိုးတုပ်ရာများအပါအဝင် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခံထားရသည့် ဒဏ်ရာများဖြင့် မြို့ပြင်တွင် တွေ့ရှိခဲ့သည်။ ထိုအလောင်းပေါ်တွင် စစ်ဝတ်စုံကို ဝတ်ဆင်ပေးထားခဲ့သည်။ အမှုဖြစ်ပွားချိန်တွင် နယ်မြေခံ တပ်မ ၉၉ နှင့် တပ်မ ၁၁ မှ တပ်ဖွဲ့ဝင်များကို ထိုဒေသတွင် တွေ့ရှိခဲ့သည်။

အချို့ဖမ်းဆီးခံရသော ရွာသားများမှာ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လူသားဒိုင်းများ၊ သို့မဟုတ် မိုင်းရှင်းလင်းရေးသမားများအဖြစ် အသုံးပြုခံခဲ့ရသည်။ ဇွန်လဆန်းပိုင်းတွင်လည်း အင်ဂျန်ယန်မြို့နယ်၊ စနီတူယန်ကျေးရွာမှ ရွာသားနှစ်ဦးသည် မြန်မာစစ်တပ် တပ်ဖွဲ့ဝင် ၁၅၀ ခန့်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး KIA အကြောင်းနှင့်ပတ်သက်၍ စစ်ကြောရေးဝင်ကာ စစ်ဆေးမေးမြန်းရိုက်နှက်ခဲ့သည်။ ထို့နောက် စစ်တပ်သည်

၎င်းတို့အား မလွှတ်ပေးခင် မတိုင်မီ တောတစ်လျှောက် စစ်သားများရှေ့မှ လူသားဒိုင်းအဖြစ် ၃ ရက်ကြာ အတင်းအဓမ္မ လမ်းလျှောက်ခိုင်းခဲ့သည်။ ထိုအချိန်တွင် KIA ၏ တိုက်ခိုက်မှုကို ခံခဲ့ရပြီး မြန်မာစစ်တပ်မှ စစ်သား ၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၄ ရက်နေ့တွင် မြစ်ကြီးနားမှ တနိုင်းသို့သွားသော လီဒိုလမ်းမကြီးပေါ် ရှိ ဖားကန့်မြို့နယ် လဝါးကျေးရွာမှ အမျိုးသား ၂ ဦးသည် ခမရ ၃၉၀ မှ မြန်မာစစ်တပ် တပ်ဖွဲ့ဝင် ၅၀ ခန့်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ညအချိန်တွင် လူသားဒိုင်းနှင့် မိုင်းရှင်းလင်းရေးသမားအဖြစ် အတင်းအဓမ္မ လမ်းလျှောက်ခဲ့ရသည်။ လမ်းလျှောက်နေစဉ်အတွင်း မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ ရွာသားနှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့ထဲမှ အသက် ၄၇ နှစ်အရွယ် ရွာသားတစ်ဦးမှ ၎င်း၏အတွေ့အကြုံကို ပြောပြခဲ့သည်-

"၂၀၂၁ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာ ၄ နာရီခွဲလောက်မှာ ကျနော်က လဝါးကျေးရွာကနေဆိုရင် ၁၅ မိနစ်လောက် လမ်းလျှောက်ရတဲ့ ဒွမ်းဘုန်းမြစ်မှာ ငါးမျှားနေတာ။ ရုတ်တရက် တောထဲကနေ ဗမာစစ်သားတစ်ယောက် ထွက်လာပြီး ကျနော့်ကို အော်တယ်။ "ဟေ၊ ဒီကိုလာခဲ့" ဆိုပြီး။ ကျနော်လည်း ကြောက်ပြီး သူနောက် လိုက်သွားတယ်။ စစ်သားက ဒွမ်းဘုန်မြစ်တစ်လျှောက် ခေါ်သွားပြီး စစ်သား ၅၀ လောက်ရှိတဲ့ နေရာကိုခေါ်သွားတယ်။ ညနေ ၆ နာရီလောက်ကျတော့ ကျနော်တို့ရွာကပဲ အသက် ၄၂ အရွယ် "ဇော်တူး" (နာမည်ရင်းမဟုတ်) လို့ခေါ်တဲ့ တခြားအမျိုးသားတစ်ယောက်ကိုလည်း အဲဒီနေရာကို ခေါ်လာခဲ့တယ်။ သူကတော့ သူ့နွားတွေကို ကျောင်းနေတဲ့အချိန်မှာ အဖမ်းခံခဲ့ရတာ။ စစ်တပ်က ကျနော်တို့ကို မေးတယ်၊ "ဘယ်ကနေလာလဲ" ဆိုပြီး။ ကျနော်တို့က လဝါ့ ရွာက လာတယ်လို့ ဖြေလိုက်တယ်။

စစ်သားတွေက "ငါတို့ လဝါ့ရွာကို ည ၈ နာရီကျရင် ဖြတ်သွားဖို့ရှိတယ်။ ငါတို့ အဲဒီရွာကို ကျော်တဲ့အထိ မင်းတို့လိုက်လာရမယ်" ဆိုပြီး ပြောတယ်။ ည ၁၀ နာရီလောက်ကျတော့ စစ်သားတွေက စပြီး လှုပ်ရှားတယ်... သူတို့ ဘာမီးမှ မသုံးဘူး။ အမှောင်ထဲမှာပဲ လမ်းလျှောက်ရတယ်။ ကျနော်က စစ်သားတွေရဲ့ ရှေ့ဆုံးကနေ လမ်းလျှောက်ရတယ်၊ ဇော်တူးက ကျနော့်နောက်မှာ။ အဲဒီမှာ စစ်သား ၅၀ လောက်ရှိတယ်။ စစ်ကြောင်းမှူး နာမည်က အောင်ဇော်မင်း။ သူတို့က တနိုင်းမြို့နယ် တင်းကော့ကျေးရွာအခြေစိုက် ခမရ ၃၉၀ က စစ်သားတွေ။ စစ်သားတွေက ပြောတယ်.. "မင်း လမ်းအလယ်ကနေ လျှောက်ရမယ်"ဆိုပြီး။ လဝါ့ကို မရောက်ခင်မှာပဲ ကျနော့်ဘေးက စစ်သားက မိုင်းနင်းမိသွားတယ်။ ပေါက်ကွဲမှုကနေ ကျနော့်ရဲ့ ကျောနဲ့ ညာဘက်ခြေကျင်းဝတ်ရယ် ဇော်တူးရဲ့ ဘယ်ဘက်လက်ချောင်းကိုထိပြီး ဒဏ်ရာရခဲ့တယ်။ စစ်သား ၆ ယောက်လောက်က အတော်ဆိုးဆိုးဝါးဝါး ဒဏ်ရာရခဲ့တော့ စစ်သားတွေက လဝါ့ အလယ်တန်းကျောင်းမှာ ရပ်လိုက်ကြတယ်။ ... စစ်သားတွေက ကျနော်တို့ကို ဘာဆေးမှမပေးဘူး။ ဒါပေမဲ့ သူတို့စစ်သားတွေကိုတော့ ဆေးတွေပေးတယ်။ ကျနော့်ဒဏ်ရာပေါ်ကိုတော့ သူတို့ ပတ်တီးနည်းနည်း ပတ်ထားပေးလိုက်တယ်။ အဲဒီညကဆို ကျနော်နဲ့ ဇော်တူး ဘယ်လိုမှ အိပ်လို့မရဘူး။ မြေကြီးပေါ်မှာပဲ တညလုံး ကျနော်တို့ ထိုင်နေတယ်။ နောက်တနေ့ မိုးလင်း ၇ နာရီလောက်ကျတော့ စစ်တပ်က ကျနော်တို့ကို အိမ်ပြန်လို့ရပြီဆိုပြီး ပြောတယ်။ သူတို့ ကျနော်တို့ကို တစ်ယောက် ကျပ် ၁ သောင်းစီ ပေးခဲ့တယ်"

## စစ်တပ်မှုဒိမ်းကျင့်မှုကို အားပေးသည့် ပြစ်ဒဏ်မှ ကင်းလွတ်မှုအခြေအနေ

မကြာသေးမီကဖြစ်ပွားခဲ့သည့်စစ်အစိုးရတပ်များ၏မုဒိမ်းမှုနှစ်ခုကိုကြည့်ခြင်းအားဖြင့်ပြစ်ဒဏ်ကင်းလွတ်မည်ဟု ယုံကြည်မှုနေခြင်းသည် စစ်တပ်မုဒိမ်းမှုနှင့် ကျေးလက်တိုင်းရင်းသား ဒေသများတွင် စစ်အင်အားတိုးမြင့်လာအောင် မည်သို့ အားပေးအားမြှောက်ပြုနေသည်ဆိုသည်ကို ရှင်းလင်းစွာ မီးမောင်းထိုးပြနေပါသည်။

# ကချင်ပြည်နယ် မိုးမောက်ရှိ သက်ကြီးရွယ်အို အမျိုးသမီးလယ်သူမအား မုဒိမ်းကျင့် သတ်ဖြတ်မှု


၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် အသက် ၅၈ နှစ်အရွယ် ကချင်အမျိုးသမီးတစ်ဦးသည် မိုးမောက်မြို့နယ်၊ နွမ်လန်းကျေးရွာ အနောက်ဘက်ရှိ သူမ၏ လယ်သို့ သွားနေချိန်တွင် တပ်မ ၈၈ မှ မြန်မာစစ်သား ၃ ဦး၏ မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရပြီး ဓားဖြင့် ထိုးသတ်ခံခဲ့ရသည်။ ကျူးလွန်သူများသည် နွမ်လန်းကျေးရွာဘေးရှိ ၆၁၆ အမြောက်တပ်ရင်း၌ ရောက်ရှိနေသော စစ်သားများဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာ နေရာ၏ နောက်တောင်ဘက် ၅ ကီလိုမီတာခန့်ရှိ မြန်မာစစ်တပ် အမြောက်တပ်ရင်း ၃၇၀ တွင် သတင်းပို့တိုင်ကြားခဲ့သည်။

ကျူးလွန်ခံရသူ၏ ဆွေမျိုးများက နောက်တစ်နေ့ မနက်တွင် သူမ၏ အလောင်းကို သူမ၏ လယ်ကွင်းအနီးရှိ မြက်တောထဲတွင် ခန္ဓာကိုယ်တပိုင်း အဝတ်ဗလာအနေအထားဖြင့် ဓားဒဏ်ရာများနှင့်အတူ မုဒိမ်းကျင့်ခံရသည့် ထင်ရှားသော လက္ခဏာများဖြင့် တွေ့ခဲ့သည်။ အလောင်းအား ဓာတ်ခွဲစစ်ဆေးရန် ဗန်းမော်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဇူလိုင် ၁၇ ရက်နေ့ အစိုးရပိုင် မြန်မာ့အလင်းသတင်းစာတွင် မြန်မာဘာသာဖြင့် သတင်းတိုတပုဒ်ထွက်လာပြီး တပ်မတော်သား ၃ ဦးအား အမျိုးသမီးကြီးတစ်ဦးကို သတ်မှုဖြင့် ဖမ်းဆီးထားပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်မှာ စစ်သားများကို ဒေါသထွက်စေခဲ့သည့် "စကားများငြင်းခုန်"မှုကြောင့် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထိုသတင်းထဲတွင် မုဒိမ်းမှုအကြောင်း လုံးဝ ဖော်ပြထားခြင်းမရှိပေ။

ဇူလိုင် ၂၉ ရက်နေ့တွင် ကျူးလွန်ခံရသူ၏ ခင်ပွန်းဖြစ်သူကို နွမ်လန်းကျေးရွာအခြေစိုက် ခမရ ၄၃၈ တပ်စခန်းသို့ ခေါ်ယူခဲ့ပြီး နေပြည်တော်မှ ငွေကျပ် ၂ သိန်းနှင့် ၆၁၆ အမြောက်တပ်ရင်းမှ ကျပ် ၁ သိန်း ပေးခဲ့ကြသည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် စစ်တပ်အရာရှိများသည် နွမ်လန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များကို ၆၁၆ အမြောက်တပ်စခန်းသို့ ခေါ်ကာ ကျူးလွန်ခံရသူ၏ ဖုန်းနှင့် လူသတ်လက်နက်အပါအဝင် အမှုနှင့်ပတ်သက်သည့်

**နွမ်လန်းကျေးရွာတွင် မြန်မာစစ်တပ်မှ မုဒိမ်းကျင့် - သတ်ဖြတ်မှု ဖြစ်ခဲ့သည့်နေရာ ၁၄ ဇူလိုင် ၂၀၂၁**



သက်သေများကို ရဲကို လွှဲပြောင်းပေးခဲ့သည်။ စစ်သားများက မုဒိမ်းမှုအား ဝန်ခံခဲ့ပြီး DNA စစ်ဆေးမှုရလဒ်ကို သိပြီးပါက အမှုကို အရပ်ဖက်တရားရုံးသို့ လွှဲပြောင်းပေးမည်ဟု ၎င်းတို့က ဆိုသည်။ သို့သော် ထိုအချိန်မှစ၍ ဆွေမျိုးများအနေဖြင့် အမှုနှင့်ပတ်သက်ပြီး မည်သည့်သတင်းအချက်အလက်မှ မကြားရတော့ပေ။

*(မှတ်ချက်- ဤအဖြစ်အပျက်၏ အသေးစိတ်အချိန်ဇယားကို နောက်ဆက်တွဲတွင် ကြည့်နိုင်သည်)*

## ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ သက်ကြီးရွယ်အို အမျိုးသမီးလယ်သူမကို မုဒိမ်းကျင့်မှု

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ခလရ ၃၃၆ မှ စစ်သားတစ်ဦးသည် အသက် ၆၂ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးအား ကွတ်ခိုင်မြို့နယ်မြောက်ဘက် ကီလိုမီတာ ၂၀ အကွာရှိ ကွတ်ခိုင်မှ မူဆယ်သို့သွားသော လမ်းမကြီးပေါ်ရှိ ဖာခစ်ကျေးရွာတွင် အခြေစိုက်သည့် ၎င်း၏ တပ်စခန်းနှင့် ၁၀၀ မီတာခန့်အကွာရှိ သူမ၏ လယ်တဲထဲတွင် မုဒိမ်းပြုကျင့်ခဲ့သည်။ ဒေသခံ ရွာသားများက ထိုစစ်သား၏ အထက်အရာရှိအား တိုင်ကြားခဲ့ရာ ၎င်းအထက်အရာရှိသည် အစပိုင်းတွင် အရေးယူရန် ငြင်းဆိုခဲ့ပြီး (စစ်သားသည် ထိုအမျိုးသမီးကြီး မူးယစ်ဆေးသုံးစွဲနေခြင်းကို တားမြစ်ရန် ကြိုးစားခြင်းသာဖြစ်ကြောင်း ပြောဆိုသည်) အခင်းဖြစ်ပွားမှုကို မျက်မြင်တွေ့ရှိသူများရှိကြောင်း သိရှိပြီးနောက်တွင် အရေးယူရန် သဘောတူခဲ့သည်။ ထို့နောက် အရာရှိသည် ရှင်သန်လွတ်မြောက်သူအတွက် ငွေကျပ် ၅ သိန်းကို လျော်ကြေးအဖြစ် စီစဉ်ပေးခဲ့ပြီး တောင်းပန်ပွဲ (ဒေသထုံးစံအတိုင်း) ကို ပြုလုပ်ပေးခဲ့ပြီး ကျူးလွန်သူကို ဖမ်းဆီးလိုက်ပြီးဖြစ်ကြောင်းနှင့် စစ်ခုံရုံးတင်သွားမည့်အကြောင်း ရွာသူရွာသားများကို အသိပေးခဲ့သည်။

မြန်မာစစ်တပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ဖာခစ်ကျေးရွာတွင် အဓမ္မပြုကျင့်သည့်နေရာပြမြေပုံ




*ပြစ်ဒဏ်ကင်းလွတ်မည်ဖြစ်ကြောင်း ယုံကြည်မှု*

မကြာသေးမီက ဖြစ်ပွားခဲ့သည့် မုဒိမ်းမှုနှစ်ခုစလုံးကို ကြည့်ခြင်းအားဖြင့် ကျူးလွန်သူများသည် အပြစ်ပေးမှုမှ ကင်းလွတ်မည်ဟု ယုံကြည်ကာ ကျူးလွန်ခဲ့ကြောင်း သိသာထင်ရှားစွာ တွေ့ရသည်။ မိုးမောက်မြို့တွင် မုဒိမ်းပြုကျင့်

သတ်ဖြတ်မှုသည် ကျူးလွန်သူများ၏ တပ်စခန်းနှင့် မနီးမဝေး၌ နေ့ခင်းကြောင်တောင်ချိန်တွင်ဖြစ်ပွားခဲ့ရုံသာ မက အုပ်စုလိုက် ပြစ်မှုကျူးလွန်ခဲ့ပြီး အလောင်းအားဖုံးကွယ်ရန် အတူတူ လုပ်ဆောင်ခဲ့ကြသည်။ ညနေပိုင်းတွင် အမြောက်တပ်ရင်း ၃၇၇ သို့ သတင်းပို့သည့်အခါ ကျူးလွန်ခံရသူ၏ ဖုန်းမှာ ရာဇဝတ်မှုအတွက် သက်သေခံအထောက် အထားများဖြစ်နိုင်သော်လည်း ၎င်းတို့ လက်ဝယ်တွင် ရှိနေဆဲဖြစ်သည်။

အလားတူပင် ကွတ်ခိုင်မြို့နယ်ရှိ မုဒိမ်းမှုကျူးလွန်ခဲ့သူသည် တပ်စခန်းရှိရာနှင့် မီတာ ၁၀၀ အနီး၊ ကားများစွာ ဖြတ်သန်းသွားလာနေသော လမ်းမကြီးဘေးရှိ အိမ်နီးနားချင်းအိမ်များကြားတွင် နေ့ခင်းချိန်၌ မုဒိမ်းမှုကို ကျူးလွန်ခဲ့သည်။ အထူးသဖြင့် မုဒိမ်းကျင့်သတ်ဖြတ်မှု ကျူးလွန်သူများသည် ပြစ်ဒဏ်မှ ကင်းလွတ်မည်ဖြစ်ကြောင်း ယုံကြည်မှုရှိနေသည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ၎င်းတို့အား ဖမ်းဆီးထားကြောင်း သတင်းရချိန်တွင် နိုင်ငံပိုင် သတင်းစာမှ တရားခံများသည် "ငြင်းခုန်စကားများ" ရာမှ လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် စစ်တပ်သည ်မုဒိမ်းမှုအား ဖုံးကွယ်ရန်နှင့် အမှုအား လျော့ပေါ့ရန် ရည်ရွယ်ပုံရသည်ဟု သတ်မှတ်နိုင်သည်။

မုဒိမ်းကျင့်သတ်ဖြတ်မှုဖြစ်ပွားခဲ့သည့် နွံလန်ကျေးရွာမှ ရွာသူရွာသားများသည် စစ်တပ်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တရားစွဲဆိုရန် မအောင်မြင်ခဲ့သည့် ယခင် အတွေ့အကြုံများလည်း ရှိကြသည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် နွံလန် အခြေစိုက် ခမရ ၄၃၈ မှ စစ်သားတဦးသည် အသက် ၇၃ နှစ်အရွယ် အဖွားအိုတစ်ဦးကို မုဒိမ်းကျင့်ရန် ကြိုးပမ်းကြံစည်မှု ဖြစ်ပွားခဲ့သည်။ ထိုသို့ ကြံစည်နေစဉ်အတွင်း ဒေသခံ ရွာသူရွာသားများက ဖမ်းမိခဲ့ပြီး စစ်ခုံရုံးတွင် စွဲချက်တင်ခဲ့သော်လည်း ကျူးလွန်သူသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွက်မဟုတ်ပဲ စစ်တပ်၏ ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်မှု၊ ပိုင်နက်ကျူးလွန်မှုနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုတို့ဖြင့်သာ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ အရပ်သား တရားရုံးတွင် အမှုဖွင့်ရန် ကြိုးစားခဲ့မှုသည်လည်း နယ်မြေခံရဲမှူးက စစ်တပ်ထံမှ ခွင့်ပြုချက်လိုသည်ဟုဆိုကာ သက်သေထွက်ဆိုရင် ငြင်းဆိုခဲ့သောကြောင့် မအောင်မြင်ခဲ့ပေ။ ရှင်သန်လွတ်မြောက်ခဲ့သူ အဖွားအိုမှာ တရားမျှတမှု မရရှိခဲ့ပဲ ၂၀၁၆ ခုနှစ် ဇွန်လတွင် သေဆုံးသွားခဲ့သည်။

ယခုနောက်ဆုံး ဖြစ်ပွားခဲ့သော မုဒိမ်းကျင့်သတ်ဖြတ်မှုကို ကိုင်တွယ်ဖြေရှင်းမှုသည် စစ်တပ်မှ ကျူးလွန်သူများကို ယနေ့အထိ အကာအကွယ်ပေးခဲ့သည့် လွန်ခဲ့သော ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော ကချင်ဆရာမနှစ်ဦး၏ ဖြစ်ရပ်ကို အမှတ်ရစေပါသည်။ တဖန် ဤသို့ ပြစ်ဒဏ်ကင်းလွတ်နေသည့် အခြေအနေများသည် စစ်တပ် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ရာဇဝတ်မှုများအတွက် အမြင့်ဆုံးအဆင့်ထိ ကာကွယ်ပေးနေမည်ဟု ပြသနေပြီး နောက်ထပ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်ရန် မီးစိမ်းပြနေခြင်းဖြစ်သည်။

*စစ်တပ်မုဒိမ်းမှုကို အားပေးအားမြှောက်ပြုခြင်း*

မကြာသေးမီက ဖြစ်ပွားသော မုဒိမ်းမှုများသည် တိုင်းရင်းသားနယ်မြေများအတွင်း မြန်မာစစ်တပ်၏ ဆက်လက်ဖြစ်ပွားနေသော စစ်တပ်အင်အား တိုးချဲ့မှုနှင့်ထိုးစစ်ဆင်မှုများသည် မုဒိမ်းပြုကျင့်ခံရမှု အန္တရာယ် ပိုမိုတိုးမြင့်လာအောင် မည်သို့လုပ်ဆောင်နေသည်ဆိုသည်ကို ဖော်ပြနေသည်။ မိုးမောက်ရှိ မုဒိမ်းကျင့်သတ်ဖြတ်မှုသည် မကွေးအခြေစိုက် တပ်မ ၈၈ ချေမှုန်းရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သော အမှုဖြစ်သည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခမရ ၄၆ ရှိနေပြီးဖြစ်သော်လည်း မကွေးအခြေစိုက် တပ်မ ၈၈ ချေမှုန်းရေးတပ်ဖွဲ့ဝင်များကို ကချင်ပြည်နယ်သို့ စစ်ကူအဖြစ် ထားရှိထားခြင်းဖြစ်သည်။ ထိုကျူးလွန်သူများသည် ကချင်ပြည်နယ်၏ အဓိက သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ဗန်းမော်-မြစ်ကြီးနား အဝေးပြေးလမ်းကို ထိန်းချုပ်ရန် ၂၀၂၀ ခုနှစ်တွင် အသစ်တည်ဆောက်ထားသော ၆၁၆ အမြောက်တပ်ရင်းတွင် နေထိုင်နေခြင်းဖြစ်သည်။ နွံလန်မုဒိမ်းမှုဖြစ်စဉ်၏ မြေပုံသည် ယခု စစ်အစိုးရ၏ ခမရ ၄၃၈ နှင့် အမြောက်တပ်ရင်း ၆၁၆၊ တပ်စခန်းများ သိမ်းပိုက်ထားသည့်

ကြီးမားကျယ်ပြန့်သော နယ်မြေကို ရှင်းလင်းစွာ ပြသနေသည်။ ၎င်းတို့သည် ရွာသူရွာသားများ၏ လယ်မြေများသို့ ဖြတ်သန်းသွားလာခွင့်ကို ပိတ်ဆို့ထားပြီး ရာနှင့်ချီသော တပ်ဖွဲ့ဝင်များက ဒေသခံ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုံခြုံရေးကို စဉ်ဆက်မပြတ် ခြိမ်းခြောက်လျှက်ရှိသည်။

ကွတ်ခိုင်မြို့ရှိ မုဒိမ်းမှုကိုမူ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံဖြစ်သော်လည်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံ ခြေလျင်တပ်ရင်း ၄၆ ကို ထောက်ပံ့ရန်အတွက်ဖြစ်သော ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့တွင် အခြေစိုက်သည့် ခလရ ၃၃၆ မှ စစ်သားတစ်ဦးမှ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ခလရ ၃၃၆ တပ်စုသည် လားရှိုး-မူဆယ် အမြန်လမ်းတစ်လျှောက်ရှိ လုံခြုံရေးအတွက် ဖာခစ်ကျေးရွာတွင် တပ်စွဲထားပြီး ယခင်က တပ်စခန်းချခဲ့သည့် တပ်မ ၉၉ ချေမှုန်းရေးတပ်များအစား အစားထိုးချထား ခြင်းဖြစ်သည်။ ဤကဲ့သို့ တပ်ဖွဲ့ဝင်များအနေဖြင့် ရွာသူရွာသားများ၏ နေအိမ်များတွင် နေထိုင်ကာ ကျေးရွာအတွင်း ရှိနေခြင်းသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှုကို ကျူးလွန်ရန် စဉ်ဆက်မပြတ် အခွင့်အလမ်းများကို ပေးစေသည်။

## အသစ်ထပ်တိုးလာသော နေရာရွှေ့ပြောင်းမှုများ

၂၀၂၁ ခုနှစ် ဇွန်လမှ စတင်၍ ကချင်ပြည်နယ်ပိုင်းမော်မြို့နယ်တွင် လူဦးရေ ၅၀၀၀ ကျော်နှင့် မူဆယ်ခရိုင် မုံးကိုးတဝိုက်အတွင်း လူဦးရေ၂၀၀၀ နီးပါး အပါအဝင် စစ်ဘေးရှောင်အသစ် စုစုပေါင်း ၇၇၀၀ ကျော် တိုလာခဲ့ပြီး ထိုထဲတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း ရှိခဲ့သည့် စစ်ဘေးရှောင် ၆၄၀၀ ကျော်ကို ပေါင်းထည့်လိုက်ပါက ထိုဒေသများတွင် စစ်ဏာရှင်သိမ်းပြီးနောက်ပိုင်းတွင် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း စုစုပေါင်း ၁၄၀၀၀ ကျော် ရှိပြီဖြစ်သည်။ အများစုမှာ ယခုအခါ ၎င်းတို့အိမ်ကို ပြန်ကြပြီဖြစ်သော်လည်း အချိန်မရွေး ထပ်မံထွက်ပြေးရမည်ကို စိုးရိမ်နေကြဆဲပင်ဖြစ်သည်။

ပိုင်းမော်မြို့နယ်ရှိ စစ်ဘေးရှောင်အသစ် ၅၀၀၀ ကျော်မှာ မြန်မာစစ်တပ်၏ ပစ်ခတ်မှုကြောင့် ဇူလိုင်လ ၂၉ ရက်နေ့က ပိုင်းမော်မြို့ အရှေ့ဘက်ခြမ်းတွင် အရပ်သားများ ထိခိုက်သေဆုံးမှုရှိခဲ့ကာ ၎င်းတို့၏ နေအိမ်မှ ထွက်ပြေးလာခဲ့ကြသူများဖြစ်သည်။ ခါကွမ်၊ လဘန်၊ တန်ဘောင်နှင့် မဒိန်း ဒေသခံများသည် ဒိန်ဂျန်ယန်နှင့် ဝါးရှောင်တွင်ရှိသည့် စစ်ဘေးရှောင်စခန်းအသစ်အပါအဝင် ပိုင်းမော်မြို့ရှိ ရှိရင်းစွဲ စစ်ရှောင်စခန်းများတွင် ဝင်ရောက်ခိုလှုံနေကြရသည်။ ဒိန်ဂျန်ယန်ရှိ စစ်ဘေးရှောင်များသည် ယနေ့အချိန်ထိ အိမ်မပြန်နိုင်ကြသေးပေ။


မူဆယ်ရှိ စစ်ဘေးရှောင် ၂၀၀၀ နီးပါးသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း တိုက်ပွဲပြင်းထန်လာသည့် မုံးကိုးဒေသအတွင်း စစ်တပ်နှင့် MNDAA (ကိုးကန့်တပ်မတော်)တို့ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရွာပေါင်း ၁၉ ရွာမှ ထွက်ပြေးတိမ်းရှောင်လာသူများ ဖြစ်ကြသည်။ ထိုထဲမှ စစ်ဘေးရှောင်အများစုမှာ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ယနေ့ချိန်ထိ အိမ်မပြန်နိုင်သေးပဲ မုံးကိုးမြို့နှင့် မုံးကိုအနောက်ဘက် ၁၀ ကီလိုမီတာခန့်ရှိ ရှိရင်းစွဲ ဖိုင်ကောင်းစစ်ရှောင်စခန်းတို့တွင် ခိုလှုံနေကြရသည်။


ပြီးခဲ့သည့် နှစ်များတွင် မုံးကိုးတဝိုက် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ကြသည့် ကျေးရွာသူရွာသားများသည် တရုတ်ပြည်နယ်စပ်သို့ ဖြတ်ကျော်ထွက်ပြေးရန် ရွေးချယ်ခွင့် ရှိခဲ့ကြသော်လည်း တရုတ်အာဏာပိုင်များမှ ၂၀၁၇ ခုနှစ်တွင် နယ်စပ်စည်းရိုးဆောက်လိုက်ခြင်းကြောင့် လမ်းကြောင်းပိတ်ဆို့ခဲ့သည်။ ဒုတိယအလွှာစည်းရိုးကိုလည်း ၂၀၂၀ ခုနှစ်ကတည်းက ဆောက်လုပ်နေပြီဖြစ်သည်။ ထို့ပြင် နယ်စပ်စည်းရိုးတစ်လျှောက် CCTV ကင်မရာများကိုလည်း တပ်ဆင်ထားပြီး တရုတ်အစောင့်များက ပုံမှန်ကင်းလှည့်စောင့်ကြပ်နေသည်။ စစ်အစိုးရအာဏာပိုင်များသည် မုံးကိုရှိ စစ်ဘေးရှောင်အသစ်များထံသို့ စားနပ်ရိက္ခာ အကူအညီများ ပေးပို့ခြင်းကိုလည်း ပိတ်ပင်ထားသည်။

ဖေဖော်ဝါရီလ စစ်အာဏာသိမ်းသည့်အချိန်မှစ၍ ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်းရှိ အသစ်ထပ်တိုးလာသော နေရာရွှေ့ပြောင်းမှုများ အကျဉ်းချုပ်

| **မြို့နယ်** | **စစ်ဘေးရှောင် တည်နေရာ** | **အိမ်ထောင်စု အရေအတွက်** | **လူဦးရေ** | **ရွှေ့ပြောင်းသည့် နေ့ရက်** | **လက်ရှိ အနေအထား** |
|---|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | | |
| ဖားကန့် | လုံးခင်းကက်သလစ် ဘုရားကျောင်း | ၂၆ | ၁၂၈ | ဧပြီ ၂၀၂၁ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| | ဆိုင်းဖရာ KBC စစ်ဘေးရှောင်စခန်း | ၅၃ | ၁၅၅ | ဇူလိုင် ၂၀၂၁ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| | လဝါးရွာ KBC နှင့် ကက်သလစ် ဘုရားကျောင်း | ၄၀ | ၁၆၀ | စက်တင်ဘာ ၂၀၂၁ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| ပူတာအို | လုန်ရှာယာန် | ၃၂ | ၁၂၀ | ဩဂုတ် ၂၀၂၁ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| အင်ဂျန်းယန် | ဘွမ်ရာယန် စစ်ဘေးရှောင်စခန်း | ၁၃၁ | ၆၀၀ | မေ ၂၀၂၁ | ခိုလှုံနေရဆဲ |
| ဝိုင်းမော် | ဝိုင်းမော် KBC စခန်း၊ ဒိန်ဂျန်ယန် စစ်ရှောင်စခန်း၊ မုတ်ကျိတ် စစ်ရှောင် စခန်း၊ ဝါးရှောင် စစ်ရှောင်စခန်း | ၉၀၇ | ၅၄၆၄ | ၂၀၂၁ ဇူလိုင်လကုန်မှ စ၍ | အများစုမှာ နေရပ်ပြန်ပြီ ဖြစ်သည် |
| မိုးမောက် | မိုးမောက်မြို့ စစ်ရှောင်စခန်း | - | ၁၀၉၀ | ၂၀၂၁ ဧပြီလမှစ၍ | အချို့မှာ ခိုလှုံနေရဆဲ |
| | ဗန်းမော်မြို့ စစ်ရှောင်စခန်း | - | ၄၅၃၉ | ၂၀၂၁ ဧပြီလမှစ၍ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| **ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင်** | | | | | |
| မူဆယ် | မန်နောင်ကောင် ကျေးရွာ | ၂၃ | ၁၀၀ | ဖေဖော်ဝါရီ ၂၀၂၁ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| | ဖိုင်ကောင်း စစ်ရှောင်စခန်း၊ ပန်ဆိုင်းမြို့အနီး | ၁၄၈ | ၇၃၉ | ၂၀၂၁ ဇွန်လမှစ၍ | ခိုလှုံနေရဆဲ |
| | မုံးကိုးမြို့ | ၁၆၅ | ၉၆၀ | ၂၀၂၁ ဇူလိုင်လမှစ၍ | ခိုလှုံနေရဆဲ |
| | ဖောင်းဆိုင် | ၂၇ | ၁၇၂ | ၂၀၂၁ ဩဂုတ်လမှစ၍ | နေရပ်ပြန်ပြီ ဖြစ်သည်။ |
| **စစ်ပြောင်းရှောင် အသစ်ထပ်တိုးမှု စုစုပေါင်း** | | | **၁၄၂၂၇** | | |


## ၂၀၂၁ ခုနှစ် (ဖေဖော်ဝါရီလ မှ အောက်တိုဘာလ) အတွင်းကချင်ပြည်နယ် နှင့် မူဆယ်ခရိုင် မှ စစ်ပြေးဒုက္ခသည်စခန်းအသစ် တည်နေရာများ






၂၀၂၂ ခုနှစ် (ဖေဖော်ဝါရီလ မှအောက်တိုဘာလ အတွင်း ကချင်ပြည်နယ် နှင့် မူဆယ်ခရိုင်မှ စစ်ပြေးဒုက္ခသည်စခန်းများနှင့်တည်နေရာများပြမြေပုံ
N
အိန္ဒိယနိုင်ငံ
ပူတာအို
ကချင်ပြည်နယ်
စစ်ကိုင်းတိုင်း
ဖားကန့်
အင်ဂျန်းယာန်
မြစ်ကြီးနား
ဝိုင်းမော်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဗန်းမော်
မိုးမောက်
မူဆယ်
မုံးကိုး
ရှမ်းပြည်နယ်မြောက်ပိုင်း
မြို့
စစ်ပြေးဒုက္ခသည်စခန်း
ကချင်ပြည်နယ်
0 15 30 60 90 120 Kilometers
Lung Sha Yang IDP Camp
Lawa RC IDP Camp
Seng Hpra IDP Camp
Lawnghkang IDP Camp
1. Alen Kawng IDP Camp
2. Hkanan IDP Camp (1)
3. Hkanan IDP Camp (2)
4. Edin IDP Camp
5. Man Bung IDP Camp
6. Dagaw IDP Camp
7. Aching Ning Li IDP Camp (1)
8. Aching Ning Li IDP Camp (2)
1. AD 2000 IDP Camp
2. Tartanar Beikman IDP Camp
3. Charity School IDP Camp
4. Thein Mahar Monestry
5. Thiri Daza Monestry
6. KBC Bettlehem Church
7. Kone Khar Maha Si Monastery
8. Li Su IDP Camp
9. Ywa Ma Monestry
10. Dagontai Monestry
11. Shan Tradition Temple
12. Wihadi Nun
13. Nun Monastery
14. Min Hla Monastery
Bumra Yang IDP Camp
1. Dingjang Yang IDP Camp (1)
2. Dingjang Yang IDP Camp (2)
Washawng IDP Camp
1. Muk Chyik IDP Camp
2. Waimaw KBC IDP Camp
Hpai Kawng IDP Camp
1. Mong Ko KBC IDP Camp
2. Mong Ko Buddhist Temple IDP Camp
3. Mong Ko Chinese Monastery IDP Camp
Hpawng Seng IDP Camp
Man Nawng Kawng IDP Camp

## မူဆယ်မြို့နယ် အတွင်း ရွှေ့ပြောင်းခံရသော ရွာများ (ဖေဖော်ဝါရီ - အောက်တိုဘာ ၂၀၂၁)



## မြန်မာ- တရုတ်ပြည်နယ်စပ် ဖိုင်ကောင်း ရှိ IDP စခန်း



# နိဂုံးချုပ်နှင့် အကြံပြုချက်များ

လွန်ခဲ့သည့် ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းတလျှောက် လူမှုပတ်ဝန်းကျင်များ၏ လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ပြီး စစ်အစိုးရတပ်များက ၎င်းတို့အား ခုခံတိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ဒေသခံပြည်သူများကို စုပေါင်းပြစ်ဒဏ်ခတ်မှုများ အရှိန်မြင့်လာသည်နှင့်အမျှ အိုးအိမ်မဲ့ စစ်ဘေးရှောင်အသစ်များလည်း ဆက်လက်တိုးမြင့်လာသည်။ မြန်မာစစ်သည်သည် အရပ်သားများနေရာသို့ ပစ်ခတ်၊ တိုက်ခိုက်ခြင်းများကြောင့် သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများဖြစ်စေသည့်အပြင် စစ်တပ်သည် မတရား ဖမ်းဆီးနှိပ်စက်ခြင်းများနှင့် ကျေးရွာသူရွာသားများအား လူသားဒိုင်းနှင့် မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုခြင်းများဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို သိသိသာသာ ချိုးဖောက်နေသည်။

စစ်တပ်၏ဒိမ်းမှုများအတွက် အပြစ်ပေးခံရမှု ကင်းမဲ့နေသည့် အခြေအနေကြားထဲမှာပင် စစ်အစိုးရသည် မြန်မာနိုင်ငံ မြောက်ပိုင်းသို့ တပ်အင်အားများ တိုးမြင့်ချထားခြင်းသည်လည်း အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပိုမိုကြုံတွေ့နိုင်ချေကို သိသိသာသာ မြင့်တက်စေပါသည်။

ထို့ကြောင့် စစ်အစိုးရအပေါ် ထိရောက်သော နိုင်ငံတကာဖိအားပေးမှုများသည် ယခင်ကထက် ပိုမို၍ အရေးတကြီး လိုအပ်လာသည်။ ဤဖိအားပေးမှုများသည် ပြည်တွင်းစစ်မီးကိုသာ ဆက်လက်တည်တံ့စေမည့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေသို့ ပြန်သွားရန် ညှိနှိုင်းပေးခြင်းမျိုးမဟုတ်ပဲ စစ်တပ်ကို အာဏာချုပ်ကိုင်ထားမှုမှ အမြစ်ပြတ်ဖယ်ရှားရေးအတွက်သာ လုပ်ဆောင်သည့် ဖိအားပေးမှုမျိုး လုံးဝ ဖြစ်ရမည်။

မြန်မာစစ်တပ်၏ အာဏာယန္တရားကို အလုံးစုံ မဖျက်သိမ်းသရွေ့၊ အကြွင်းမဲ့ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်ရှိသော- နေပြည်တော်မှ ဗိုလ်ချုပ်များနှင့် အခြားဒေသရှိ ဗိုလ်ချုပ်များ အကျိုးစီးပွားအတွက်သာ တည်ရှိနေခြင်းမဟုတ်ပဲ- ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တစ်ခုအောက်တွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရတရပ် မရှိသရွေ့ တိုင်းရင်းသားဒေသများအတွင်းရှိ ဆက်လက်ဖြစ်ပွားနေသော နှိပ်စက်ညှဉ်းပန်းမှုများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် သံသရာသည် မည်သည့်အခါမျှ ပြီးဆုံးလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အောက်ပါတောင်းဆိုချက်များကို ထပ်လောင်း တောင်းဆိုလိုက်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့-

- မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုလုပ်ဆောင်ရန်နှင့် မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်

နိုင်ငံတကာအစိုးရများသို့-

- အာဏာသိမ်းစစ်အစိုးရအား သံတမန်ရေးရာ အသိအမှတ်မပြုပဲ အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန်။

- မြန်မာစစ်တပ်၏ အကျိုးစီးပွားနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် မြန်မာ့ရေနံနှင့်

သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန်

နိုင်ငံခြားကုမ္ပဏီများသို့-

- စစ်အာဏာရှင် အစိုးရဖြုတ်ချပြီးချိန်နှင့် ဖက်ဒရယ် ဒီမိုကရက်တစ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ပေါ်ထွက်လာချိန်အထိ မြန်မာနိုင်ငံအတွင်း စီမံကိန်းဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားရန်

နိုင်ငံတကာအလှူရှင်များသို့-

- စစ်အာဏာရှင်အား တရားဝင်အသက်သွင်းမှုကို ဖြစ်စေသည့် (သို့မဟုတ်) အထောက်အပံ့ဖြစ်စေသည့် မည်သည့်အကူအညီမျှ မြန်မာပြည်သူများအား မပေးအပ်ကြောင်း သေချာစေရန်

- ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ စစ်ဘေးရှောင်များအတွက် ဒေသခံတိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ရွာအဖွဲ့များမှတဆင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်

တရုတ်နိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများသို့-

- ပဋိပက္ခနှင့် နိုပ်စက်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသူများအား ဘေးကင်းလုံခြုံစွာ ခိုလှုံခွင့်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရယူခွင့်ပေးရန်

# နောက်ဆက်တွဲများ

၁။ စစ်အစိုးရတပ်များ၏ အရပ်သားများနေထိုင်ရာ နေရာများအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ၏ အသေးစိတ်စာရင်း၊ ဇွန်-အောက်တိုဘာလ ၂၀၂၁ ခုနှစ်။

| ရက်စွဲ | နေရာ | အသေးစိတ်အချက်အလက် | ထိခိုက်သေဆုံးမှု |
|---|---|---|---|
| ၄ ဇွန် ၂၀၂၁ | ရွှေကူ | KIA နှင့် ရွှေကူ PDF တို့မှ ရွှေကူရဲစခန်းကို ည ၈ နာရီခန့် ဝင်ရောက် တိုက်ခိုက်ပြီးနောက်တွင် ရဲတပ်ဖွဲ့ဝင်များက အနီးအနား ပတ်ဝန်းကျင်အား တိုက်ခိုက်ပစ်ခတ်မှုကြောင့် အနီးအနားရှိ နေအိမ်တစ်လုံး ပျက်စီးခဲ့သည်။ | |
| ၈ ဇွန် ၂၀၂၁ | ကိုင်းရွာ၊ ရွှေကူ | ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်တွင် ရွှေကူမြို့နယ်ရှိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မိုးတားရွာမှ သာယာကုန်းရွာသို့ သွားနေသော စစ်အစိုးရစစ်ကြောင်းတင်ဆောင်လာသည့် သင်္ဘောတစီးကို KIA မှ တိုက်ခိုက်ခဲ့သည်။ စစ်တပ် တပ်ဖွဲ့ဝင်များသည် ကျောက်ကြီးရွာနှင့် သာယာကုန်းရွာ၊ ထို့နောက် ကိုင်ရွာကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ကိုင်းရွာမှ အမျိုးသားတစ်ဦးဖြစ်သူ ကိုတင်ကျော်၏ ပေါင်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ထို့ပြင် စစ်တပ်သည် ပေါက်ကုန်းရွာကိုလည်း ပစ်ခတ်သဖြင့် ကျေးရွာသူရွာသားများသည် စစ်ဘေးရှောင်များအဖြစ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ | အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၂၆ ဇွန် ၂၀၂၁ | ပေါက်ကုန်းကြီးရွာ၊ ရွှေကူ | ရွှေကူမြို့နယ် ပေါက်ကုန်းကြီးကျေးရွာ ဧရာဝတီမြစ်ပေါ်ရှိ စစ်တပ် လှေတစ်စီးအား KIA မှ တိုက်ခိုက်ပြီးနောက် လှေပေါ်မှ တပ်များက ရွာထဲသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ရွာထဲရှိ ဘုန်းကြီးကျောင်းနားတွင် အမြောက်ကျခဲ့သော်လည်း ကံကောင်းထောက်မစွာ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။ မရ | |
| ၃၀ ဇွန် ၂၀၂၁ | မရမ့်ရွာ၊ မိုးကောင်း | မရမ့်ရွာရှိ ၂၁ မိုင်ဂိတ်တွင် စစ်တပ်နှင့် KIA တို့ကြား တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်တပ်သည် အနီးနားဝန်းကျင်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ၂၁ မိုင်ဂိတ်အနားရှိ အသက် ၃၀ အရွယ် အမျိုးသမီးတဦး လည်ပင်းကို ထိမှန်ခဲ့ပြီး သေဆုံးသွားခဲ့သည်။ | အမျိုးသမီးတစ်ဦး အသတ်ခံရ |
| ၂ ဇူလိုင် ၂၀၂၁ | ဒုန်စုန်းရွာ၊ မိုးမောက် | အဝေးပြေးလမ်းမကြီးပေါ်ရှိ ဒုန်စုန်းရွာတွင် တပ်မ ၈၈ အား KIA မှ တိုက်ခိုက်ပြီးသည့်နောက်တွင် စစ်တပ် တပ်ဖွဲ့ဝင်များသည် ဒုန်စုန်းရွာတွင်းသို့လက်နက်ကြီးကျည်ဆံများဖြင့်ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာဘေးနားရှိ လယ်ထဲတွင် အလုပ်လုပ်နေသူ ၄ ဦးသည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်-<br>အသက် ၆၀ အရွယ် ဦးမောင်ထွေးမှ ဝမ်းဗိုက်တွင် ဒဏ်ရာရခဲ့သည်။ အသက် ၂၂ အရွယ် အာကာထက်အောင်၏ ပါးစပ်တွင် ထိခိုက်ဒဏ်ရာရခဲ့သည်။ အသက် ၂၀ အရွယ် မတူးတူးဝင်းမှာ ညာလက်မောင်းတွင် ထိခိုက်ခဲ့သည်။ ၃ နှစ်အရွယ်ကလေးငယ် မသဲနစန်းမှာ ညာဘက်လက်နှင့် ကျောဘက်တွင် ဒဏ်ရာရရှိခဲ့သည်။ | အမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦး၊ မိန်းကလေးငယ် ၁ ဦး ထိခိုက်ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၁၅ ဇူလိုင် ၂၀၂၁ | ဆိုင်းဖရာရွာ၊ ဖားကန့် | ဇူလိုင်လ ၁၃ ရက်နေ့တွင် ဖားကန့်မြို့နယ်ရှိ ခွမ်ဆိုင်ယန်၊ တံတားညီနောင်နှင့် ဂေါ့လူယန်ရွာတွင် စစ်တပ်ဘက်မှ တပ်မ ၃၃ နှင့် KIA တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ကျေးရွာဒေသခံများသည် ဆိုင်းဖရာရွာရှိ ၎င်းတို့၏ ဆွေမျိုးများအိမ်နှင့် KBC ဘုရားကျောင်းအတွင်းသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။ ဇူလိုင်လ ၁၅ ရက်နေ့ မနက် ၇ နာရီခွဲတွင် စစ်အစိုးရတပ်ဖွဲ့ဝင်များသည် အနီးနားရှိ နမ်ယာ ရွာ ပြည်သူ့စစ်စခန်းမှနေ၍ ဆိုင်းဖရာရွာထဲသို့ ၇ ကြိမ်တိုင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦး၏ ပေါင်နှင့် လက်မောင်းကို ထိခိုက်ခဲ့သည်။ အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦး၏ လက်မောင်းကို ထိခိုက်ခဲ့သည်။ အသက် ၃၅ နှစ်အရွယ် အမျိုးသမီး၏ မျက်နှာဘက်ဘက်ခြမ်းကို ထိခိုက်ခဲ့သည်။ ၁၀ နှစ်အရွယ် မိန်းကလေးငယ်၏ ဦးခေါင်းနှင့် ကျောတွင် ဒဏ်ရာရရှိခဲ့သည်။ ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦး၏ ခါးတွင် ထိခိုက်ခဲ့သည်။ ၅၈ နှစ်အရွယ် အမျိုးသား၏ ပေါင်တွင် ဒဏ်ရာရခဲ့သည်။ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးမှာ အတွင်းဒဏ်ရာများ ရခဲ့သည်။ ကျေးလက်ကျန်းမာရေးဝန်ထမ်းများက ဒဏ်ရာရရှိသူများကို ဆိုင်းဖရာအထက်တန်းကျောင်းတွင် ဆေးကုသခဲ့ကြသည်။ ဇူလိုင် ၁၆ ရက်နေ့တွင် တပ်မ ၇၇ မှ စစ်တပ်အရာရှိတစ်ဦးမှ လာရောက်ခိုလှုံနေသော စစ်ဘေးရှောင်များအား ဆိုင်းဖရာရွာမှ ထွက်ခွာရန်နှင့် မထွက်ခွာပါက နောက်တကြိမ် ထပ်မံပစ်ခတ်မည့်အကြောင်း အမိန့်ပေးခဲ့သည်။ အနီးရှိ နမ့်ယာ ရွာ စစ်ဆေးရေးဂိတ်ရှိ ပြည်သူ့စစ်များက ကျေးရွာသူရွာသားများအား အစားအသောက်များ၊ အထူးသဖြင့် ဆန်၊ ဆီ နှင့် ပဲများကို သယ်ယူခွင့်မပြုသောကြောင့် ဆိုင်းဖရာရွာမှ စစ်ဘေးရှောင်များသည် စားနပ်ရိက္ခာရရှိရန် ခက်ခဲနေသည်။ | အမျိုးသမီး ၃ ဦး၊ အမျိုးသား ၃ ဦးနှင့် မိန်းကလေးငယ် ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၂၉ ဇူလိုင် ၂၀၂၁ | ပိုင်းမော် | ပိုင်းမော်အခြေစိုက် ခလရ ၅၈ သည် မဒိန်း၊ တန်ဘောင်၊ ခကွမ်နှင့် လဘန်ကထောင်၄ရွာအားညသန်းခေါင်ချိန်တွင်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ Labang Kahtawng ရွာမှ ရွာသားတစ်ဦးဖြစ်သူ အောင်လီသည် ကျည်ထိမှန်သေဆုံးခဲ့ပြီး ၎င်း၏ အဖိုးဖြစ်သူ ဇောင်ဖန်းမှာ ၎င်း၏ ညာဘက်ခြေထောက်တွင် ထိခိုက်ဒဏ်ရာရခဲ့သည်။ ကျေးရွာသူရွာသားအချို့သည် ပိုင်းမော်ရှိ ဆွေမျိုးအိမ်များနှင့် ပိုင်းမော် KBC ဘုရားကျောင်းသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ | အမျိုးသား ၁ ဦး အသတ်ခံရ၊ အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၁၉ ဩဂုတ် ၂၀၂၁ | ပိုင်းမော် | ပိုင်းမော်မြို့နယ်မှခလရ၅၈သည်ခကွမ်ရွာသို့ညဘက်ပစ်ခတ်မှုကြောင့် အရပ်သားအိမ်နှစ်လုံး ပျက်စီးခဲ့သည်။ | |
| ၂၈ ဩဂုတ် ၂၀၂၁ | နမ်ပာရွာ၊ မုံးကို | MNDAA ၏ တိုက်ခိုက်ခံရပြီးနောက် တပ်မ ၉၉ တပ်ဖွဲ့ဝင်များသည် နမ့်ပာ ရွာထဲသို့ ပစ်ခတ်ခဲ့ရာ မိသားစုနှစ်စုမှ လူ ၄ ဦး သေဆုံးခဲ့သည်- အသက် ၈၂ နှစ်အရွယ် အိမူ နှင့် သူမ၏ သားဖြစ်သူ အသက် ၂၅ နှစ်အရွယ် အိုက်ချူ၊ အသက် ၆၃ နှစ်အရွယ် အိမွန် နှင့် သူမ၏ သားဖြစ်သူ အသက် ၁၀ နှစ်အရွယ် အောင်ခိုင် | အမျိုးသမီး ၂ ဦး၊ အမျိုးသား ၁ ဦးနှင့် ယောက်ျားလေးငယ် ၁ ဦး |

| | | | |
|---|---|---|---|
| ၂ စက်တင်ဘာ ၂၀၂၁ | ဒွေ့ဖုန်းယန်၊ မိုးမောက် | ည ၉ နာရီတွင် ဒွေ့ဖုန်းယန်အခြေစိုက် ခလရ ၁၄၂ သည် ရွာထဲသို့ လက်နက်ကြီး ၁၀ ချက်ခန့် ပစ်ခတ်ခဲ့သည်ဖြင့် အိမ်တစ်လုံးပျက်စီးကာ နွား ၅ ကောင် သေဆုံးခဲ့ပြီး နွား ၄ ကောင် ဒဏ်ရာရခဲ့သည်။ | |
| ၂၆ စက်တင်ဘာ ၂၀၂၁ | တောပုန်းရွာ၊ ရွှေကူ | ဧရာဝတီမြစ်ကြောင်းပေါ်တွင် မန္တလေးမှ ရွှေကူသို့သွားသည့် သင်္ဘောတစီးပေါ်တွင် လိုက်ပါစီးနင်းလာသော မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် တောပုန်း ရွာထဲသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နွားတစ်ကောင်သေဆုံးကာ အမိုးအကာတစ်ခု မီးလောင်ဆုံးရှုံးခဲ့သည်။ | |
| ၂ အောက်တိုဘာ ၂၀၂၁ | ဝါရာဖွပ်၊ ဖားကန့် | တနိုင်းမှ ပြန်လာသော စစ်ကား ၄၃ စီးအား KIA မှ စီးနင်းတိုက်ခိုက်ပြီးနောက်တွင် မြန်မာစစ်တပ်မှ ဝါရာဖွပ်မှ ၂ မိုင်အကွာနေရာမှ ဝါရာဖွပ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အသက် ၁၂ အရွယ် ယောက်ျားကလေးငယ်တစ်ဦး လက်တွင် ဒဏ်ရာရခဲ့သည်။ | ယောက်ျားလေးငယ် ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၃ အောက်တိုဘာ ၂၀၂၁ | ဝါရာဖွပ်၊ ဖားကန့် | မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် ဝါရာဖွပ် ၂ မိုင်အကွာနေရာမှ ဝါရာဆောက်ရွာထဲသို့ လက်နက်ကြီးများ ထပ်မံ ပစ်ခတ်ခဲ့သဖြင့် အမျိုးသားတစ်ဦးဖြစ်သူ ဦးအင်ဘူဖန်း သည် ၎င်း၏ တင်ပါးတွင် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့သည်။ | အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၁၂ အောက်တိုဘာ ၂၀၂၁ | ဖောင်ဂျိုးပါ၊ မုံးကိုး | ဖောင်ဂျိုးပါရွာတွင် မြန်မာစစ်တပ်ဘက်မှ တပ်ဖွဲ့ဝင်များ (တပ်မ ၉၉ နှင့် တပ်မ ၇၇) နှင့် MNDAA တို့အကြား တိုက်ပွဲဖြစ်နေစဉ်အတွင်း မြန်မာစစ်တပ်မှ ကျေးရွာ၏ ရပ်ကွက် ၆ အတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် ကျေးရွာသူရွာသား ၇ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်- အသက် ၂ နှစ်အရွယ် ယောက်ျားလေးငယ်၏ ဦးခေါင်း၊ အသက် ၂ နှစ်အရွယ် မိန်းကလေးငယ်၏ နာခေါင်း၊ အသက် ၆၁ နှစ်အရွယ် အမျိုးသမီး၏ တင်ပါးနှင့် ခြေထောက်၊ အသက် ၂၃ နှစ်နှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးနှစ်ဦးနှင့် အသက် ၂၃ နှစ်အရွယ် အမျိုးသားတို့၏ တင်ပါး၊ အသက် ၆၃ နှစ်အရွယ် အမျိုးသား၏ ရင်ဘတ်တို့တွင် ထိခိုက်ဒဏ်ရာရခဲ့သည်။ | အမျိုးသား ၂ ဦး၊ အမျိုးသမီး ၃ ဦး၊ ယောက်ျားလေးငယ် ၁ ဦး၊ မိန်းကလေးငယ် ၁ ဦး ထိခိုက်ဒဏ်ရာရ |

၂။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အရပ်သားများအပေါ် ဥပဒေမဲ့ ပစ်ခတ်မှုဖြစ်စဉ်များ၏ အသေးစိတ်စာရင်း၊ ဇွန်-အောက်တိုဘာလ ၂၀၂၁ ခုနှစ်။

| ရက်စွဲ | နေရာ | အသေးစိတ်အချက်အလက် | ထိခိုက်သေဆုံးမှု |
|---|---|---|---|
| ၈ ဇွန် ၂၀၂၁ | မံမြို့ | အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် သူမ၏ ကလေးအား ကျောင်းသို့ ပို့ဆောင်စဉ်အတွင်း အစိုးရတပ်များ၏ ပစ်ခတ်ခြင်း ခံခဲ့ရသည်။ သူမ၏ ကျောနှင့် လက်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်ခဲ့သည်။ | အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၁၉ ဇွန် ၂၀၂၁ | ဟိုပင်၊ မိုးညှင်း | အသက် ၃၃ နှစ်အရွယ်အမျိုးသား ကိုဖြိုးသည် မြတာရာလမ်းတွင် ဆိုင်ကယ်ဖြင့် ဆန်အိတ်တင်ဆောင်လာစဉ်တွင် စစ်သားတချို့မှ ရပ်ခိုင်းခဲ့သည်။ ရပ်တန့်ရန် အလွန်ကြောက်လန့်သောကြောင့် စစ်သားများ၏ ပစ်ခတ်ခြင်းခံခဲ့ရပြီး ခြေထောက်နှစ်ဖက်လုံး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ | အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၁ ဇွန်လိုင် ၂၀၂၁ | မိုင်းနား ရွာ၊ ပိုင်းမော် | ပိုင်းမော်မြို့အခြေစိုက် ခလရ ၅၈ မှ တပ်ဖွဲ့ဝင် ၄၀ ခန့်သည် လူ ၂၀ ကျော် ပါဝင်တက်ရောက်နေသည့် အိမ်သစ်တက်ပွဲတစ်ခုသို့ ဝင်ရောက်စီးနင်းခဲ့သည်။ အသက် ၁၉ နှစ်အရွယ် အမျိုးသားငယ်တစ်ဦးမှာ အိမ်ပေါ်မှ ထွက်ပြေးခဲ့ပြီးနောက် စစ်သားများ၏ ပစ်သတ်ခြင်း ခံခဲ့ရသည်။ | အမျိုးသား ၁ ဦး သေဆုံး |
| ၃ ဇွန်လိုင် ၂၀၂၁ | ဖန်းမော် | တပ်ဖွဲ့ဝင် ၅၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များသည် အမျိုးသားတစ်စု လောင်းကစားဆော့နေသည့် ဖန်းမော်ဆိပ်ကမ်းသို့ ကားများဖြင့် လာရောက်ခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် အမျိုးသားများကို ဖမ်းဆီးခဲ့ပြီး လူအုပ်ထဲသို့ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ဖန်းမော်မြို့ မင်းမနိုင်ရပ်ကွက်မှ အသက် ၅၀ အရွယ် ဦးအောင်မြင့်၏ ဝမ်းဗိုက်တွင် ထိမှန်ခဲ့ပြီး အသတ်ခံခဲ့ရသည်။ ရဲတပ်ဖွဲ့သည် အလောင်းအား ကားထဲသို့ သယ်သွားခဲ့သည်။ | အမျိုးသား ၁ ဦးသေဆုံး |
| ၇ ဇွန်လိုင် ၂၀၂၁ | မိုင်းနားရွာ၊ ပိုင်းမော် | ပိုင်းမော်မြို့နယ် မိုင်းနား စစ်ဆေးရေးဂိတ်တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့သည် စစ်ဆေးရေးဂိတ်မဖြတ်ခင် နောက်ပြန်လှည့်သွားသော ကားတစ်စီးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ကားကို မထိပဲ စစ်ဆေးရေးဂိတ်အနီး သစ်သီးရောင်းနေသော အမျိုးသမီးတစ်ဦးအား ထိမှန်ကာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ထိုအမျိုးသမီးသည် ကလေး ၃ ယောက် မိခင်တစ်ဦးဖြစ်သည်။ | အမျိုးသမီး ၁ ဦးသေဆုံး |

| | | | |
|---|---|---|---|
| ၇ ဇွန်လိုင် ၂၀၂၁ | ရွာသစ်ကြီးရွာ၊ မိုးညှင်း | ခမရ ၃၈၈ မှ တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် ရွာသစ်ကြီးကျေးရွာသို့ ညနေပိုင်း ကင်းလှည့်ခဲ့သည်။ ည ၈ နာရီတွင် အသက် ၃၀ အရွယ် ရွာသား ကို ဂျိမ်း သည် နွားလှည်းဖြင့် ၎င်း၏ လယ်မှ ပြန်လာခဲ့သည်။ စစ်တပ်မှ ချဉ်းကပ်လာသောအခါ ကို ဂျိမ်း ရှေ့တွင် နွားတအုပ် ပြန့်ကျဲနေသဖြင့် ကို ဂျိမ်း လည်း ထွက်ပြေးခဲ့သည်။ စစ်တပ်မှ ၎င်း၏ နောက်ကျောအား ပစ်ခတ်သဖြင့် ချက်ချင်း သေဆုံးသွားခဲ့သည်။ စစ်တပ်မှ ၎င်း၏ အလောင်းအား တပ်စခန်းသို့ ယူသွားပြီး နောက်တစ်နေ့တွင် ၎င်း၏ မိသားစုထံ ပြန်ပေးခဲ့သည်။ | အမျိုးသား ၁ ဦးသေဆုံး |
| ၁ ဩဂုတ် ၂၀၂၁ | မိုးမောက် | မြို့သစ်နှင့် ကုန်းလောကျေးရွာ ကားလမ်းပေါ်တွင် စစ်ကား ၁၅ စီး KIA ၏ စီးနင်းတိုက်ခိုက်ခံရပြီးသည့်နောက်တွင် မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် အနီးအနားနေရာများသို့ သေနတ်ဖြင့် လက်လွတ်စပယ်ရမ်းသမ်းပစ်ခတ်ခဲ့သည်။ အသက် ၃၄ နှစ်အရွယ် ရွာသား သင်းရွှေ၏ မေးစေ့တွင် သေနတ်ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။ | အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၁၀ ဩဂုတ် ၂၀၂၁ | မိုင်နောင်း ရွာ၊ မိုးညှင်း | ည ၁၀ နာရီခန့်တွင် ခလရ ၁၁ မှ တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးရှိ မိုင်နောင်း ရွာသို့ ကုန်တင်ကား ၃ စီးဖြင့် မောင်းနှင်လာပြီး ရွာသူရွာသားများ၏ နေအိမ်များသို့ သေနတ်ဖြင့် စတင်ပစ်ခတ်ခဲ့သည်။ အိမ် ၃ အိမ်မှ အမျိုးသမီး ၃ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်- အမျိုးသမီး ၁ ဦးမှာ ၎င်း၏ တင်ပါးတွင် ထိခိုက်ခဲ့ပြီး နောက်တစ်ယောက်မှာ လက်ကောက်ဝတ်နှင့် ခါးနေရာ၊ နောက်တစ်ယောက်မှာ သူမ၏ နောက်ကျောကို သေနတ်ထိမှန်ခဲ့သည်။ | အမျိုးသမီး ၃ ဦး ထိခိုက်ဒဏ်ရာရ |
| ၂၈ ဩဂုတ် ၂၀၂၁ | ဝိုင်းမော် | မဒိန်ရွာအနီးတဝိုက်သို့ ခလရ ၅၈ မှ တပ်ဖွဲ့ဝင်များ လက်နက်ကြီးပစ်ခတ်ချိန်တွင် ဒေသခံရွာသားတစ်ဦးဖြစ်သူ ဦးခေါ်ဂျူ သည် ခလရ ၅၈ တပ်စခန်းအနီးရှိ ၎င်း၏ လယ်ထဲသို့ သွားနေချိန်ဖြစ်သည်။ စစ်သားတစ်ယောက်၏ လှမ်းအော်သော်လည်း မကြားလိုက်၍ ဆက်လျှောက်နေစဉ် စစ်သားက ၎င်းအား ပစ်သတ်ခဲ့သည်။ | အမျိုးသား ၁ ဦးသေဆုံး |

| | | | |
|---|---|---|---|
| ၁၁ စက်တင်ဘာ ၂၀၂၁ | ရွှေဘုံသာရွာ၊ ရွှေကူ | ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စစ်ကူများနှင့် ရိက္ခာများ တင်ဆောင်လာသော သင်္ဘောပေါ်ရှိ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် မည်သည့်ရန်စခြင်းမှ မရှိပဲ ရွှေဘုံသာရွာထဲသို့ ပစ်ခတ်ခဲ့သည်။ ရွာသားတစ်ဦးဖြစ်သူ အသက် ၂၉ နှစ်အရွယ် ဖိုးချိုနှင့် အသက် ၃၁ နှစ်အရွယ် အမျိုးသမီးသည် ခြေထောက်တွင် ကျည်ထိမှန်ခဲ့ပြီး ဒဏ်ရာရခဲ့သည်။ | အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရ |
| ၂၈ စက်တင်ဘာ ၂၀၂၁ | လဝါးရွာ၊ ဖားကန့် | မရူနော် ဆိုသူ အမျိုးသားတစ်ဦးနှင့် ဒွမ်ဆာခေါန် ဆိုသူ အမျိုးသမီးတစ်ဦးသည် လဂါးရွာမှ ဆိုင်ကယ်စီးပြန်လာချိန်တွင် မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ အမျိုးသမီးမှာ ၎င်း၏ လက်နှင့် တင်ပါးတွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့ပြီး ဆေးကုသရန်အတွက် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ခံခဲ့ရသည်။ အမျိုးသားမှာမူ ဝမ်းဗိုက်ထိမှန်ကာ သေဆုံးခဲ့သည်။ | အမျိုးသား ၁ ဦးသေဆုံး၊ အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရ |

### ၃။ စစ်အစိုးရတပ်များ၏ မတရားဖမ်းဆီးမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူသားဒိုင်း/မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုမှုများ၏ အသေးစိတ်စာရင်း၊ ဇွန်- အောက်တိုဘာလ ၂၀၂၁ ခုနှစ်။

| ရက်စွဲ | နေရာ | အသေးစိတ်အချက်အလက် | ဖမ်းဆီးနှိပ်စက်ခံရသူ အရေအတွက် |
|---|---|---|---|
| ၃ဇွန် ၂၀၂၁ | စနီတူယန် ရွာ၊ အင်ဂျန်းယန် | ရွာသား ၂ ဦးသည် မြန်မာစစ်တပ် တပ်ဖွဲ့ဝင် ၁၅၀ ခန့်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့သည် KIA နှင့်ပတ်သက်၍ စစ်ကြောရေးတွင် စစ်ဆေးမေးမြန်း ကန်ကျောက်ခြင်းခံခဲ့ရပြီး စစ်ကြောင်းရှေ့တွင် လူသားဒိုင်းနှင့် မိုင်းရှင်းလင်းရေးအတွက် ၃ ရက်ကြာ အတင်းအဓမ္မ လမ်းလျှောက်ခိုင်းခံခဲ့ရသည်။ | အမျိုးသား ၂ ဦး အဖမ်းခံရပြီး ညှဉ်းပန်းနှိပ်စက်ခံရကာ လူသားဒိုင်းနှင့် မိုင်းရှင်းလင်းသူအဖြစ် အသုံးပြုခံရ |
| ၃ ဇွန် ၂၀၂၁ | မိုးညှင်း | မိုးညှင်းမှ စစ်တပ် တပ်ဖွဲ့ဝင်များသည် မနက် ၂ နာရီအချိန်တွင် မိုးညှင်းဗလီအတွင်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။ ဗလီအနီးရှိ ဆေးဆိုင်မှ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၂ ရက်အကြာတွင် ထိုအမျိုးသား ပြန်လည်လွတ်မြောက်လာခဲ့သည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |
| ၇ ဇွန် ၂၀၂၁ | မြစ်ကြီးနား | ရှေ့နေ ဦးသက်ထွန်းဦးကို ပုဒ်မ ၅၀၅ (က) ဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။ မြစ်ကြီးနား အကျဉ်းထောင်တွင် ထိန်းသိမ်းထားကြောင်း သိရသည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |
| ၇ ဇွန် ၂၀၂၁ | မြစ်ကြီးနား | ကျောင်းဆရာ ဦးသန်းဦးကို မြစ်ကြီးနားမြို့ အမှတ် ၁ အထက်တန်းကျောင်းတွင် စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |

| | | | |
|---|---|---|---|
| ၁၃ ဖွန် ၂၀၂၁ | ရွှေကူ | နယ်မြေအခြေစိုက် စစ်တပ် တပ်ဖွဲ့ဝင်များနှင့် တပ်မ ၈၈ တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့တွင် တအိမ်တက်ဆင်း ရှာဖွေခဲ့ရာ PDF များနှင့် အချိတ်အဆက်ရှိသည်ဆိုကာ အမျိုးသမီး ၂ ဦးအပါအဝင် လူ ၁၀ ဦးကို ဖမ်းဆီးခဲ့သည်။ အဖမ်းခံရသူ အမျိုးသမီးများထဲမှာ တစ်ဦးမှာ ဆရာဝန်ဖြစ်ပြီး PDF များကို ဆေးကုသပေးနေသည်ဟု စွပ်စွဲခံထားရသည်။ | အမျိုးသမီး ၂ ယောက်အပါအဝင် အနည်းဆုံး လူ ၁၀ ဦး အဖမ်းခံရ |
| ၁၆ ဖွန် ၂၀၂၁ | မိုးညှင်းမြို့ | ဦးမြင့်ဝင်းနှင့် သားဖြစ်သူ ကျော်ဇောဦးတို့နှစ်ဦးကို CDM ကို ထောက်ပံ့နေသည်ဟု စွပ်စွဲကာ စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ | အမျိုးသား ၂ ဦး အဖမ်းခံရ |
| ၁၈ ဖွန် ၂၀၂၁ | ကွတ်ခိုင် | ဖွန်လ ၁၈ ရက်နေ့တွင် ဘာသာရေးခေါင်းဆောင်တစ်ဦးသည် ကွတ်ခိုင်မြို့ ရပ်ကွက် ၇ ရှိ ၎င်း၏ အိမ်မှ ဆိုင်ကယ်ဖြင့် ထွက်သွားခဲ့သည်။ ၃ ရက်အကြာတွင် ၎င်း၏ အလောင်းကို မြို့အပြင်ဘက် သင်္ချိုင်းတစ်ခုတွင် သေနတ်ဒဏ်ရာများနှင့် ပြင်ထန်စွာ ညှဉ်းပန်းနှိပ်စက်ခံရသည့် ဒဏ်ရာများဖြင့် တွေ့ရှိခဲ့သည်။ ၎င်း၏ ကိုယ်ပေါ်တွင် စစ်ဝတ်စုံကို ဝတ်ဆင်ထားပေးခဲ့သည်။ တပ်မ ၉၉ နှင့် တပ်မ ၁၁ တို့မှ တပ်ဖွဲ့ဝင်များသည် အဆိုပါဒေသတွင် တပ်စွဲထားသည်။ | အမျိုးသား ၁ ဦး ညှဉ်းပန်းနှိပ်စက်ခံရကာ အသတ်ခံရ |
| ၂၈ ဖွန် ၂၀၂၁ | နောင်မွန်း ရွာ၊ ပူတာအို | ဖွန်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည် မြန်မာနိုင်ငံအတွင်း တရားမျှတမှုများအတွက် ဆုတောင်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော နောင်မွန်း ရွာမှ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ ဘာသာရေးခေါင်းဆောင် ၃ ဦးဖြစ်သူ သင်းအုပ်ဆရာတော် ဦးဆင်ဆာရ်း၊ သင်းအုပ်ဆရာတော် ဦး ဇခေါင်ထီးနားနှင့် အသက် ၇၀ အရွယ် သင်းအုပ်ဆရာတော် ဦး မခေါင်ဒီး တို့ကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို ဖွန်လ ၂၉ ရက်နေ့တွင် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲခဲ့ပြီး ပူတာအိုထောင်သို့ ပို့ဆောင်ခဲ့သည်။ | အမျိုးသား ၃ ဦး အဖမ်းခံရ |
| ၃၀ ဖွန် ၂၀၂၁ | ဖားကန့် | ဆန္ဒပြသူ အမျိုးသား ၄ ဦး (အသက် ၂၀၊ အသက် ၂၂၊ အသက် ၃၀ နှင့် အသက် ၃၁ နှစ်အရွယ်) ကို ရဲတပ်ဖွဲ့ဝင်များမှ ဖားကန့်မြို့ တာမခန် ရပ်ကွက်တွင် ဆန္ဒပြပွဲအတွင်း ပါဝင်နေစဉ် ဖမ်းဆီးခဲ့သည်။ ညနေပိုင်းတွင်း ၎င်းတို့အားလုံးကို ပြန်လည်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၄ ဦး အဖမ်းခံရ |
| ၃၀ ဖွန် ၂၀၂၁ | ဗန်းမော် | ဗန်းမော် ဂက်ကုန်း အလယ်တန်းကျောင်းအုပ် ဦးနိုင်မင်းထွန်းအား CDM တွင် ပါဝင်မှုနှင့် CDM များကို ထောက်ပံ့ကူညီပေးမှုများကြောင့် စစ်သား ၃၀ ခန့်က ဖမ်းဆီးခဲ့သည်။ ၎င်းသည် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုခံထားရသည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |

| | | | |
|---|---|---|---|
| ၂၀ ဇူလိုင် ၂၀၂၁ | တာမိုးညဲ၊ ကွတ်ခိုင် | ရွာသားနှစ်ဦးသည် ၎င်းတို့၏ လယ်သို့ သွားနေစဉ်တွင် စစ်တပ်၏ မဟာမိတ် တာမိုးညဲ ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၂၀ ခန့်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့သည် ကျော်မိုးသွေးခိုးယူမှုဖြင့် စွပ်စွဲခံရပြီး တုတ်ဖြင့်ရိုက်နှက်ခံရကာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ | အမျိုးသား ၂ ဦး အဖမ်းခံရပြီး ညှဉ်းပန်းနှိပ်စက်ခံရ |
| ၂၄ ဇူလိုင် ၂၀၂၁ | မိုးညှင်း | ဇူလိုင်လ ၂၃ ရက်နေ့တွင် အကပညာရှင် ဝေရန်မျိုးသည် မိုးညှင်း လူငယ်ဆန္ဒပြပွဲတွင် ပါဝင်ပူးပေါင်းခဲ့သည်။ နောက်တနေ့ နံနက် မိုးညှင်းအားကစားကွင်းတွင် အကလေ့ကျင့်တော့မည့်အချိန်တွင် ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းသည်ဩဂုတ်လ ၁၅ရက်နေ့အထိ မိုးညှင်းမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ဩဂုတ်လ ၁၅ ရက်နေ့တွေင် ၎င်းအား ပုဒ်မ ၅၀၅ (က) ဖြင့် ရဲအချုပ်ထောင်သို့ လွှဲပြောင်းခဲ့သည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |
| ၄ ဩဂုတ် ၂၀၂၁ | လဝှါရွာ၊ ဖားကန့် | ရွာသား ၂ ဦးသည် ခလရ ၃၉၀ မှ တပ်ဖွဲ့ဝင် ၅၀ ခန့်၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီးလူသားဒိုင်းနှင့်မိုင်းရှင်းလင်းသူများအဖြစ် ညဘက်တွင် ၎င်းတို့နှင့်အတူ လမ်းလျှောက်ရန် အတင်းအဓမ္မ ခိုင်းစေခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးလုံးသည် မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည်။ နောက်တစ်နေ့တွင် ၎င်းတို့အား ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၂ ဦး အဖမ်းခံရပြီး လူသားဒိုင်းနှင့် မိုင်းရှင်းလင်းသူအဖြစ် အသုံးပြုခံရ- နှစ်ဦးလုံးမှာ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ |
| ၄ ဩဂုတ် ၂၀၂၁ | မိုးညှင်း | "မေတ္တာလေညင်း" လူမှုကူညီရေးအသင်း၏ အကြီးအကဲတစ်ဦးဖြစ်သူ ဒေါ်ခင်မာလင်းသည် အရပ်ဝတ်များဝတ်ဆင်ထားသူ လူ ၅ ဦး၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ | အမျိုးသမီး ၁ ဦး အဖမ်းခံရ |
| ၉ ဩဂုတ် ၂၀၂၁ | ဝိုင်းမော် | ဝိုင်းမော်မြို့ အခြေစိုက် ခလရ ၅၈ မှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် Buga ဓာတ်အားပေးစက်ရုံတွင် လုပ်ကိုင်နေသော အမျိုးသား ၆ ဦးကို ဖမ်းဆီးခဲ့သည်။ နောက်နေ့တွင် ၅ ယောက်ကို ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၆ ဦး အဖမ်းခံရ |
| ၁၀ ဩဂုတ် ၂၀၂၁ | မဒိန်ရွာ၊ ဝိုင်းမော် | အသက် ၃၇ နှစ်အရွယ် မဒိန်ရွာသားသည် ဩဂုတ်လ ၁၀ ရက်နေ့တွင် ၎င်း၏ ကျေးရွာအတွင်း ကင်းလှည့်နေသည့် ခလရ ၅၈ မှ စစ်သားများကို တွေ့၍ ထွက်ပြေးခဲ့သည်။ တပ်ဖွဲ့ဝင်များက ၎င်းအား တပ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ သို့သော် နောက်တစ်နေ့တွင် ၎င်းအား ပြန်လွှတ်ပေးခဲ့သည်။ ၎င်း၏ အစ်ကိုဖြစ်သူမှာ USDP အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ | အမျိုးသား ၁ ဦး အဖမ်းခံရ |
| ၂၀ ဩဂုတ် ၂၀၂၁ | ဗန်းမော် | CDMတွင်ပါဝင်သောအသက်၅၀အရွယ်ဂန်ထမ်းအမျိုးသမီးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲခဲ့သည်။ | အမျိုးသမီး ၁ ဦး အဖမ်းခံရ |

| | | | |
|---|---|---|---|
| ၂၈ ဩဂုတ် ၂၀၂၂ | မဒိန်ရွာ၊ ဝိုင်းမော် | ခလရ ၅၈ မှ မဒိန်းကျေးရွာတဝိုက် ပစ်ခတ်ပြီးနောက် ခလရ ၅၈ မှ တပ်ဖွဲ့ဝင်များသည် ရွာသား ၃ ဦး ( ၂၉ နှစ်၊ ၂၀ နှစ်နှင့် ၂၄ နှစ်) ကို ၎င်းတို့နေအိမ်မှ ဖမ်းဆီးခဲ့ပြီး ခလရ ၅၈ တပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့အား KIA ဟုတ်မဟုတ် ဖမ်းဆီးစစ်ဆေးနေချိန်တွင် ၎င်းတို့၏ ဦးခေါင်းများကို ပလက်စတစ်အိတ်များဖြင့် စွပ်ထားကာ လက်ထိပ်ခတ်ထားပြီး ၎င်းတို့၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို သေနတ်ဖြင့် ရိုက်နက်ခြင်း၊ ကန်ကျောက်ခြင်းတို့ လုပ်ခဲ့သည်။ ဩဂုတ်လ ၂၉ ရက်နေ့တွင် မြစ်ကြီးနားအခြေစိုက် ခလရ ၂၁ သို့ ၎င်းတို့ကို ပို့ဆောင်လိုက်ပြီး KIA စစ်သားများဖြစ်ကြောင်း ဝန်ခံသည်အထိ နေစဉ် နေပူထဲမှ ကျောက်စရစ်ခဲပေါ်တွင် ဒူးထောက်ခိုင်းခြင်းအပါအဝင် အခြား ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် ၎င်းတို့ကို မြစ်ကြီးနား ရဲစခန်းသို့ လွှဲပြောင်းခဲ့ပြီးနောက် စက်တင်ဘာ ၃၀ တွင် ဝိုင်းမော်ရဲစခန်းသို့ ပို့ဆောင်ခဲ့ပြီး မိသားစုထံ ဖုန်းခေါ်ဆိုခွင့်ရခဲ့သည်။ ၎င်းတို့သည် ၁၇/၁ ဖြင့် တရားစွဲခံရပြီး မြစ်ကြီးနားထောင်သို့ ပို့ဆောင်ခံခဲ့ရသည်။ အောက်တိုဘာ ၁၅ ရက်နေတွင် ၎င်းတို့ ပြန်လည်လွှတ်မြောက်လာပြီး တရားရုံးတွင် အမှုရင်ဆိုင်နေဆဲပင်ဖြစ်သည်။ | အမျိုးသား ၃ ဦး အဖမ်းခံရပြီး ညှဉ်းပန်းနှိပ်စက်ခံရ |
| ၈ စက်တင်ဘာ ၂၀၂၂ | မြစ်ကြီးနား | လူငယ် ၇ ဦးကို တပ်ဖွဲ့ဝင် ၅၀ ခန့်က လမ်းဘေးတွင် ဖမ်းဆီးခဲ့ပြီး လက်မြောက်ဒူးထောက်ခိုင်းပြီးနောက် မြစ်ကြီးနား အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ | အမျိုးသား ၇ ဦး အဖမ်းခံရ |
| ၁၁ စက်တင်ဘာ ၂၀၂၂ | မြစ်ကြီးနား | အမျိုးသား ၇ ဦး (အသက် ၂၃၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀၊ ၃၀) တို့သည် မြစ်ကြီးနားမြို့၊ Trinity စစ်ရှောင်စခန်းအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာ စားနေစဉ် လက်နက်ကိုင်ဆောင်ထားသော အရပ်ဝတ်ရဲများနှင့် စစ်သားများသည် အရပ်သားကား ၄ စီးဖြင့် ရောက်လာပြီး ၎င်းတို့အား ဒူးထောက်လက်မြောက်ခိုင်းကာ PDF များ ဟုတ်မဟုတ် (သို့မဟုတ်) KIA အတွက် ရန်ပုံငွေကောက်ခံခြင်းရှိမရှိ မေးမြန်းစစ်ဆေးခဲ့သည်။ ၎င်းတို့၏ ဖုန်းများကိုလည်း စစ်ဆေးခဲ့ပြီး အမှတ် ၁ မြစ်ကြီးနားမြို့မ ရဲစခန်းသို့ ပို့ဆောင်ခဲ့သည်။ စက်တင်ဘာ ၁၅ ရက်နေ့တွင် အမျိုးသား ၅ ဦး ပြန်လည်လွှတ်မြောက်လာသော်လည်း ၂ ဦးမှာ ဆက်လက်ဖမ်းဆီးခံထားရဆဲဖြစ်သည်။ | အမျိုးသား ၇ ဦး အဖမ်းခံရ |

| | | | |
|---|---|---|---|
| ၁၃ စက်တင်ဘာ ၂၀၂၁ | ဒေါ့ဖုန်းယန်ရွာ၊ မိုးမောက် | နယ်မြေထွေအုပ်ရုံးတွင် တပ်စွဲထားသည့် တပ်မ ၈၈ မှ တပ်ဖွဲ့ဝင်များသည် ည ၇ နာရီခွဲအချိန်တွင် လမ်းပေါ်တွင် လမ်းလျှောက်နေသော လူငယ် ၄ ဦးကို PDF အဖွဲ့ဝင်များအဖြစ် စွပ်စွဲဖမ်းဆီးခဲ့သည်။ ၎င်းတို့၏ ခန္ဓာကိုယ် ကန်ကျောက်ခံခဲ့ကြရပြီး ကျေးရွာလူကြီးမှ ၎င်းတို့သည် PDF မဟုတ်ကြောင်း အာမခံပေးပြီးမှသာ ပြန်လွှတ်ပေးခဲ့သည်။ | လူငယ် ၄ ဦး အဖမ်းခံရ |
| ၂၂ စက်တင်ဘာ ၂၀၂၁ | မိုးညှင်း | အိမ်စီးကား ၃ စီးဖြင့် အရပ်ဝတ် စစ်သားများသည် စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြသူ စောကြည်ခန့်ဖြိုးအိမ်သို့ ညဘက်တွင် ရောက်ရှိလာပြီး ၎င်းနှင့်အတူ အမေနှင့် ညီမဖြစ်သူကိုပဲ ဖမ်းဆီးကာ မိုးညှင်းရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ နောက်တစ်နေ့ မနက်တွင် ၎င်း၏ အမေအား ပြန်လွှတ်ပေးလိုက်သော်လည်း ၎င်းနှင့် ၎င်း၏ ညီမဖြစ်သူကိုမူ ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်သည်။ | အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၂ ဦး အဖမ်းခံရ |
| ၂၇ စက်တင်ဘာ ၂၀၂၁ | ဝွန်ဆိုင်ယန် ရွာ၊ ဖားကန့် | စစ်တပ်တပ်ဖွဲ့ဝင်များသည်စစ်ရှောင်အမျိုးသားတစ်ဦးနှင့်၎င်း၏ အသက် ၆ နှစ်အရွယ် သားဖြစ်သူတို့ လယ်မှ ပြန်လာချိန်တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့အား လဝါးစစ်ဘေးရှောင်စခန်းသို့ ပြန်မလွှတ်ပေးမီ တစ်ညတာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ | အမျိုးသား ၁ ဦးနှင့် ယောကျ်ားကလေးငယ် ၁ ဦး အဖမ်းခံရ |
| ၂၇ စက်တင်ဘာ ၂၀၂၁ | လားရှိုး | ရဲတပ်ဖွဲ့မှ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြသူ အမျိုးသား ၆ ဦးကို လားရှိုးမြို့မ ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ | အမျိုးသား ၆ ဦး အဖမ်းခံရ |
| ၂ အောက်တိုဘာ ၂၀၂၁ | မိုးစစ်ရွာ၊ ရွှေကူ | ခမရ ၆၀၂ မှ တပ်ဖွဲ့ဝင်များသည် CDM ဆရာမများ ဖြစ်ကြသည့် အမျိုးသမီး ၂ ဦးနှင့် အသက် ၆၀ အရွယ် ၎င်းတို့၏ မိခင်ကို ဖမ်းဆီးခဲ့ပြီး ရွှေကူမြို့ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့နောက် တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယခေါင်းဆောင်ဖြစ်သူ ဦးမြင့်ဇော်အား PDF ကို ထောက်ပံ့နေသူအဖြစ် စွပ်စွဲဖမ်းဆီးခဲ့သည်။ | အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၃ ဦး အဖမ်းခံရ |
| ၈ အောက်တိုဘာ ၂၀၂၁ | နောင်းမီ ရွာ၊ ဖားကန့် | တနိုင်းမြို့မှလာသော မြန်မာစစ်တပ်၏ ကုန်တင်ယာဉ်တန်းကို နောင်းမီ အနီး KIA မှ စီးနင်းတိုက်ခိုက်ပြီးနောက်တွင် စစ်တပ် တပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်မောင်းလာသော ရွာသားတစ်ဦးကို ဖမ်းဆီး၍ လူသားဒိုင်းအဖြစ် အသုံးပြုကာ ဒွန်ဘန်ရွာ ရောက်သည်အထိ ၎င်းတို့စစ်ကားဖြင့် အတင်းအဓမ္မ လိုက်ပါစီးနင်းခိုင်းခဲ့သည်။ | အမျိုးသား ၁ ဦး အဖမ်းခံရပြီး လူသားဒိုင်းအဖြစ် အသုံးပြုခံရ |

## ၄။ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၄ ရက်နေ့အတွင်း ဖြစ်ပွားသော မုဒိမ်းပြုကျင့်သတ်ဖြတ်မှု အသေးစိတ်အချိန်ဇယား

ကျူးလွန်ခံရသူ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်များ

အမည်- ဒွဲဂျာ (သူမ၏ အမည်အရင်းမဟုတ်ပါ)

အသက်- ၅၈ နှစ်

လူမျိုး- ကချင်

ဘာသာ- ခရစ်ယာန်
အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သား ၁ ဦးရှိသည်။
အသက်မွေးဝမ်းကျောင်း- လယ်သမား

နေရပ်ဇာတိ- နွမ်လန်း ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ နွမ်လန်း ရွာခံအများစုသည် ၂၀၂၁ ခုနှစ် မတ်လကတည်းကစ၍ မြန်မာစစ်တပ်၏ လက်နက်ကြီးပစ်ချမှုများကြောင့် အခြားနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော်လည်း ဒွဲဂျာ နှင့် သူမ၏ ခင်ပွန်းဖြစ်သူမှာ ၎င်းတို့၏ နေအိမ်နှင့် လယ်ယာကို မစွန့်လွှတ်နိုင်သောကြောင့် ရွာမှ ထွက်မပြေးပဲ ဆက်လက်နေထိုင်ခဲ့ကြသည်။

လယ်ရှိသည့် တည်နေရာ- နွမ်လန်း ကျေးရွာ၏ အနောက်မြောက်ဘက် ၃ ကီလိုမီတာခန့်ရှိ ခါ့ဒေါင်းပါ ဒေသ။ မြန်မာစစ်တပ်၏ ခမရ ၄၃၈ စခန်းနှင့် အမြောက်တပ်ရင်း ၆၁၆ ခြေစိုက်စခန်း (၂၀၂၀ ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့သော) သည် ခါ့ဒေါင်းပါနှင့် နွမ်လန်း ရွာကြားတွင် တည်ရှိသည်။

## ဖြစ်စဉ် အချိန်ဇယား

| ရက်စွဲ | ဖြစ်စဉ် |
|---|---|
| ၁၃ ဇူလိုင် ၂၀၂၁ | ဒွဲဂျာ ၏ ခင်ပွန်းဖြစ်သူသည် ၎င်းတို့၏ လယ်ထဲတွင်နေပြီး ထိုနေရာတွင်သာ ညအိပ်ခဲ့သည်။ ညနေပိုင်းတွင် ခင်ပွန်းဖြစ်သူက ဒွဲဂျာ ကို ဖုန်းဆက်ကာ လယ်ယာအတွက် စပါးမျိုးစေ့ကို နောက်နေ့တွင် ယူလာခဲ့ရန် ပြောခဲ့သည်။ |
| ၁၄ ဇူလိုင် ၂၀၂၁ | ဒွဲဂျာ သည် လယ်ထဲသို့ မသွားမီ မနက် ၁၀ နာရီ ပတ်ဝန်းကျင်တွင် သူမခင်ပွန်းသို့ ဖုန်းနှစ်ကြိမ် ဆက်ခဲ့သည်။ ထိုအချိန်တွင် ခင်ပွန်းဖြစ်သူမှာ လယ်ကွင်းထဲတွင် အလုပ်လုပ်နေသောကြောင့် ဖုန်းသံကို မကြားခဲ့ပေ။ နောက်ပိုင်း ဖုန်းခေါ်ဆိုထားသည့် မက်ဆေ့များကို တွေ့သောအခါ ရင်းနှီးသောကြောင့် ခမရ ၄၃၈ ဂိတ်ကို သူမအနေဖြင့် လွယ်လွယ်ဖြတ်ရန်အတွက် စစ်သားများနှင့် အနည်းငယ်ရင်းနှီးသော သူ့အား မေးခိုင်းရန် ခေါ်ခြင်းဖြစ်သည်ဟု ထင်ခဲ့သည်။<br>ဒွဲဂျာ ခင်ပွန်းသည် သူ၏ ဇနီးအား တနေကုန် လယ်ကွင်းထဲတွင် စောင့်နေခဲ့သော်လည်း သူမ ပေါ်မလာခဲ့ပေ။ ညနေ ၇ နာရီ ပတ်ဝန်းကျင်တွင် သူသည် နွမ်လန်း ရွာသို့ ပြန်လာခဲ့သည်။ လမ်းတွင် ခမရ ၄၃၈ ဂိတ်မှ စစ်သားများက တပ်မ ၈၈ မှ စစ်သား ၃ ဦး (၆၁၆ စခန်းမှ တပ်ပြေးများဖြစ်ကြောင်း ၎င်းတို့ကိုယ်ကိုယ်ပြောခဲ့သူများ) အား တွေ့မိလားဟု မေးခဲ့သည်။ အိမ်တွင်လည်း ဇနီးသည်အား မတွေ့သောအခါ ဒွေ့ဖုန်းယန် တွင် နေထိုင်သည့် ၎င်းတို့၏ သားဖြစ်သူကို ဖုန်းဆက် အကူအညီတောင်းခဲ့သည်။<br>ဇူလိုင်လ ၁၄ ရက်နေ ညနေ ၅ နာရီခန့်လောက်တွင် ဖိနပ်မပါပဲ ဘောလုံးအင်္ကျီအဝတ်အစားများ ဝတ်ထားသော မြန်မာစစ်သား ၃ ယောက်သည် စားစရာတောင်းစားရန် နောင်ကုန်း ကျေးရွာ (ဒွဲဂျာ ၏ လယ်ယာ အနောက်ဘက် ၄ ကီလိုမီတာအကွာရှိ) သို့ ဝင်ရန် ကြိုးစားခဲ့ကြသော် လည်း ရွာအဝင်ဂရိ ကိုဗစ်စစ်ဆေးရေးဂိတ်မှ ပေးမဝင်ခဲ့ကြောင်း အနီးအနားကျေးရွာဒေသခံများ မှ သတင်းပေးလာသည်။ ၎င်းတို့ ၃ ဦးထဲမှ စစ်သားတစ်ယောက်၏ ခါးတွင် ဓားရှည်တစ်ချောင်းကို ချိတ်ထားသည်။ စစ်သားများက ၎င်းတို့သည် တပ်ပြေးများဖြစ်ကြောင်းနှင့် ၎င်းတို့ကိုယ်တိုင် နောင်ဂွမ် စစ်စခန်း (နောင်ဂွန်း တောင်ဘက် ၂ ကီလိုမီတာအကွာရှိ) ကို သွားမည့်အကြောင်း ပြောခဲ့သည်။ ၎င်းတို့ကို နောင်ဂွန်းသို့ ဝင်ခွင့်မပေးခဲ့ပေ။ ထို့နောက် ၎င်းတို့သည် တောင်ဘက် မခွယ် ရွာသို့ သွားလိုက်သည်ကို တွေ့မြင်ခဲ့ကြသည်။ |

| | |
|---|---|
| ၁၅ ဇူလိုင် ၂၀၂၁ | ဒွဲဂျာ ၏ သားဖြစ်သူသည် နွမ်လန်းရွာသို့ မနက် ၆ နာရီတွင် ရောက်ရှိလာပြီး ၎င်း၏ မိခင်ဖုန်းကိုဆက်ရန် ထပ်မံကြိုးစားခဲ့သည်။ ထိုအချိန်တွင် အမျိုးသားတစ်ဦးမှ ဖုန်းကို လက်ခံဖြေဆိုခဲ့ပြီး "မင်းဖုန်းက ၆၁၆ အခြေစိုက်စခန်းမှာရှိတယ်၊ ငါတို့ စစ်သားတစ်ယောက်က ကောက်လာတာ။ မင်း ဒီကိုလာပြီး အခုလာယူလိုက်လို့ရတယ်" ဟု ပြောခဲ့သည်။<br>သူမ၏ သားဖြစ်သူသည် အခြားရွာသား ၂ ဦးနှင့်အတူ ၆၁၆ အခြေစိုက်စခန်းသို့ သွားခဲ့သည်။ ထိုသို့ ရောက်သောအခါ ဖုန်းကို ပြန်ဆက်သော်လည်း မည်သူမှ ဖြေကြားခြင်း မရှိခဲ့ပါ။ ထိုနေရာမှ စစ်သားတစ်ဦးမှ ဖုန်းနှင့်ပတ်သက်၍ ဘာမှမသိကြောင်းပြောကာ ဖုန်းနံပါတ်ကို ခေါ်ရန် ကြိုးစားသော်လည်း မည်သူမျှ ဖြေကြားခြင်းမရှိပေ။<br>ထို့နောက် နွမ်လန်း ကျေးရွာသူကြီးနှင့် ဒွဲဂျာ ၏ ခင်ပွန်းဖြစ်သူတို့သည် ခမရ ၄၃၈ စခန်းသို့ သွားကာ ဒွဲဂျာ ကို ရှာဖွေရန်အတွက် ခွင့်ပြုချက်တောင်းခဲ့သည်။ ထို့နောက် ဒွဲဂျာ ခင်ပွန်းနှင့် အခြားဆွေမျိုးများက သူမအား လယ်ကွင်းအနီးအနားတဝိုက်ရှိ နေရာအားလုံးတွင် ရှာဖွေခဲ့ကြ သည်။<br>မနက် ၈ နာရီခန့်တွင် မြန်မာစစ်တပ်မှ ဗိုလ်ခင်လင်းအောင်က ဒွဲဂျာ ၏ သားဖြစ်သူထံ ဖုန်းဆက်ကာ ဒွဲဂျာ ၏ ဖုန်းမှာ နောင်ဂွန်း အမြောက်တပ်စခန်းတွင် ရှိကြောင်းနှင့် လာယူလို့ရကြောင်း ပြောခဲ့သည်။ သို့သော် သားဖြစ်သူမှ သွားမယူခဲ့ပေ။<br>၈ နာရီခွဲအချိန်ခန့်တွင် ဒွဲဂျာ ၏ ဆွေမျိုးများက လယ်ကွင်းဘေးတွင် သူမ၏ ခြင်းတောင်းကို တွေ့ရှိခဲ့သည်။ ထိုနားတွင် ခြေရာပေါင်းများစွာရှိနေပြီး ထိုခြေရာများအတိုင်း လိုက်ခဲ့ကြသည်။<br>မနက် ၁၀ နာရီခန့်တွင် ဒွဲဂျာ ၏ ဆွေမျိုးများက သူမ၏ အလောင်းကို လယ်တောနားတွင် တွေ့ရှိခဲ့သည်။ သူမ၏ အလောင်းမှာ မှောက်လျက်သား လဲနေသည်။ သူမ၏ ခန္ဓာကိုယ် အောက်ပိုင်းသည် အဝတ်ဗလာဖြစ်နေပြီး သူမ၏ ထဘီကို ခန္ဓာကိုယ်အပေါ်ပိုင်းတဝိုက်ကို ဆွဲတင်ထားသည်။ သူမ၏ အင်္ကျီကို ဆွဲဖြဲထားကာ ထိုအင်္ကျီစကို ပါးစပ်ထဲ ဆို့ထားသည်။ ရင်ဘတ်နှင့် ဘယ်ဘက်လက်မောင်းတို့တွင်လည်း ဓားထိုးသွင်းဒဏ်ရာများရှိနေသည်။ ၎င်းတို့သည် ကျေးရွာသူကြီးအား ချက်ချင်းခေါ်ကာ အလောင်းကို ဓာတ်ပုံရိုက်ခဲ့သည်။<br>ထို့နောက် အမျိုးသမီး ၃ ဦးပါဝင်သော နွမ်လန်း ရွာသားအဖွဲ့သည် လယ်ကွင်းထဲသို့ ရောက်လာပြီး အလောင်းအား သယ်ယူခဲ့သည်။ အလောင်းအား နွမ်လန်း ရွာရှိ သုသာန်သို့ သယ်ခဲ့ကြသည်။<br>ညနေ ၄ နာရီခန့်တွင် မြို့သစ်ရွာမှ ရဲ ၃ ဦး နွမ်လန်း ရွာသို့ ရောက်လာခဲ့ပြီး ဤအမှုသည် ကြီးလေးသော အမှုတစ်ခုဖြစ်ပြီး တရားရုံးတင်ရန် လိုအပ်ကြောင်း ပြောခဲ့သည်။ ထို့ပြင် အလောင်းအား ရင်ခွဲစစ်ဆေး စမ်းသပ်မှုလုပ်ရန်လိုအပ်ကြောင်း ပြောခဲ့သည်။ ရဲများသည် ကျူးလွန်ခံရသူ၏ အဝတ်အစားများကို သက်သေအဖြစ် ဆွေမျိုးများဆီမှ ယူခဲ့သည်။ ထို့နောက် အလောင်းအား ဗန်းမော်အစိုးရဆေးရုံသို့ ပို့ဆောင်ခဲ့သည်။<br>ဆေးရုံအာဏာပိုင်များက အလောင်းအား နောက်နေ့ မနက် ၁၀ နာရီတွင် ခွဲစိပ်စစ်ဆေးမည့်အကြောင်း ပြောခဲ့သည်။ ထို့ကြောင့် ဆေးရုံတွင် စောင့်နေသည့် ဆွေမျိုးများသည် အိမ်သို့ ပြန်ခဲ့ကြသည်။ |
| ၁၆ ဇူလိုင် ၂၀၂၁ | မနက်ပိုင်းတွင် ဆွေမျိုးအချို့ ဗန်းမော်ဆေးရုံသို့ သွားကာ အလောင်းခွဲစိပ်စစ်ဆေးမှုအတွက် စောင့်နေခဲ့သည်။ ထိုသို့ စောင့်နေစဉ်အတွင်းတွင် ဗန်းမော်ရှိ ၄ မိုင် စစ်ဆေးရုံမှ အမျိုးသား ဆရာဝန် ၂ ဦးရောက်လာပြီး ဘာမျှမပြောပဲ အလောင်းအား မိနစ်အနည်းငယ် ကြည့်ခဲ့သည်ကို တွေ့ခဲ့သည်။ မွန်းလွဲ ၁ နာရီတွင် အလောင်းခွဲစိပ်စစ်ဆေးမှုကို ဆရာဝန်များမဟုတ်ပဲ ဆေးရုံဝန်ထမ်းတစ်ဦးကသာ လုပ်ဆောင်ခဲ့သည်။ အလောင်းအား ခွဲစိပ်စစ်ဆေးနေသည့်နေရာတွင် ဆွေမျိုးတစ်ယောက်ရှိနေပြီး ဆေးရုံဝန်ထမ်းသည် ခန္ဓာကိုယ်ထဲမှ သုတ်ပိုးများကို ယူကာ ပလက်စတစ်အိတ်အတွင်း ထည့်ပြီး မျှော့ကြိုးဖြင့် ချည်လိုက်သည်ကို တွေ့ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဆရာဝန်အား မေးကြည့်သည့်အခါ သုတ်ပိုးကို မန္တလေး ဓာတ်ခွဲခန်းသို့ ပို့ဆောင်မည်ဖြစ်ပြီး တပတ်အတွင်း ရလဒ်ကို သိရမည်ဖြစ်ကြောင်း ဆရာဝန်မှ ပြောခဲ့သည်။<br>ဆွေမျိုးများက အလောင်းကို ဗန်းမော်တွင် မီးသဂြိုလ်ခဲ့ပြီး အရိုးပြာများကို နွမ်လန်း ရွာသို့ ပြန်လည်သယ်ယူခဲ့ကြသည်။ ထို့နောက် ဒွဲဂျာ နေအိမ်တွင် ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။ |

| | |
|---|---|
| ၁၇ ဇူလိုင် ၂၀၂၁ | မြန်မာဘာသာစကားဖြင့် ထုတ်ဝေသော မြန်မာ့အလင်း သတင်းစာမှ အမှုနှင့်ပတ်သက်၍ စစ်သား ၃ ဦးအား သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးအား သတ်မှုဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ရေးသားဖော်ပြခဲ့သည်။ စစ်သားများ ဒေါသထွက်စေခဲ့သည့် ငြင်းခုန်စကားများမှုကြောင့် ထိုကဲ့သို့ လူသတ်မှု ကျူးလွန်ခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ အမှုနှင့်ပတ်သက်၍ အခြားသော ရာဇဝတ်မှုများ ဖြစ်ပွားခြင်းရှိမရှိ သိရှိနိုင်ရန် ဓာတ်ခွဲစစ်ဆေးမှုများ လုပ်ဆောင်နေသည်ဟုဆိုသော်လည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့်ပတ်သက်၍ လုံးဝ ဖော်ပြထားခြင်း မရှိခဲ့ပေ။ |
| ၁၉ ဇူလိုင် ၂၀၂၁ | ခမရ ၄၃၈ မှ စစ်တပ် အရာရှိတစ်ဦးမှ ဒွဲဂျာ ၏ ခင်ပွန်းထံသို့ ဖုန်းဆက်ကာ စစ်တပ်မှ အလှူငွေအချို့ကို လာယူရန် ပြောခဲ့သည်။ ဒွဲဂျာ ၏ ခင်ပွန်းသည် ခမရ ၄၃၈ တပ်စခန်းသို့ သွားခဲ့ပြီး နေပြည်တော်မှ ပေးသည်ဆိုသည့် ငွေကျပ် ၂၀ သိန်း ရရှိခဲ့သည်။ ထို့ပြင် ၆၁၆ အမြောက်တပ်ရင်းမှလည်း ငွေ ၁ သိန်းကျပ်ကို ၎င်းအား ပေးခဲ့သည်။ |
| ၂၃ ဇူလိုင် ၂၀၂၁ | သီတင်းပတ် တစ်ပတ်ကျော်သွားပြီဖြစ်သောကြောင့် ဒွဲဂျာ ၏ ဆွေမျိုးတစ်ဦးက ဓာတ်ခွဲစစ်ဆေးမှုအဖြေကို ရဲတပ်ဖွဲ့ထံသို့ ဖုန်းဆက်မေးမြန်းခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် ရလဒ်ကို မသိကြောင်းနှင့် ပြောရန်လည်း မလိုအပ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ |
| ၂၈ ဇူလိုင် ၂၀၂၁ | စစ်တပ်မှ ရဲများနှင့် နွမ်လန်း ရွာသူကြီးအား ၆၁၆ စစ်စခန်းသို့ ခေါ်ခဲ့သည်။ လူသတ်လက်နက်အဖြစ် အသုံးပြုခဲ့သော ဓားနှင့် ဒွဲဂျာ ၏ ဖုန်းကို ရဲသို့ ပေးအပ်ခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် DNA စစ်မည်ဖြစ်ကြောင်း ပြောခဲ့ပြီး မည်သည့်ဆေးရုံတွင် လုပ်မည်ဆိုသည်ကို မပြောခဲ့ပေ။ ၎င်းတို့က ကျူးလွန်ခံရသူအား မုဒိမ်းကျင့်သတ်ဖြတ်သူသည် အသက်အကြီးဆုံး စစ်သားဖြစ်ကြောင်း ပြောခဲ့သည်။ ၎င်းမုဒိမ်းကျင့်ချိန်တွင် ကျန် စစ်သား ၂ ယောက်က သူမကို ချုပ်ထားပေးခဲ့သည်ဟု ပြောခဲ့သည်။ စစ်တပ်မှ အသက်ပိုငယ်သော စစ်သားနှစ်ယောက်ကို ရဲများနှင့် ရွာသူကြီးအားပြခဲ့သော်လည်း ၃ ဦးထဲမှ အသက်အကြီးဆုံး စစ်သားကိုမူ မပြခဲ့ပေ။ စစ်တပ်အနေဖြင့် အမှုအား အရပ်သားတရားရုံးကို လွှဲပေးမည်ဖြစ်ကြောင်းနှင့် တရားမျှတမှုရရန်အတွက် ကြိုးစားသွားမည့်အကြောင်း ပြောခဲ့သည်။ စစ်သား ၃ ဦးလုံးအား ၆၁၆ တပ်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ၎င်းတို့မှ ပြောခဲ့သည်။ |
| ၁၀ ဩဂုတ် ၂၀၂၁ မှ ယနေ့အချိန်အထိ | မိသားစုဝင်များသည် အမှုနှင့်ပတ်သက်၍ နောက်ထပ် အချက်အလက်များ မရရှိသေးသည့်အပြင် ရဲကိုလည်း ထိုအကြောင်းနှင့်ပတ်သက်၍ မမေးရဲကြပေ။ |

## ဆက်သွယ်ရန်

အီးမေး : kwat.office@gmail.com
ဖုန်း : +66(0)897 5598 92
Website: www.kachinwomen.com